# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (5-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၈၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြုရက်ကန်းအဖွဲ့ ၁၅ ဖွဲ့မှ ရက်လုပ်စပ်ချုပ်သီလွှမ်းထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဆက်ကပ်လှူဒါန်းစဉ်။





**နေပြည်တော် နိုဝင်ဘာ ၄**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ၂၀၂၅ ခုနှစ် တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်မင်္ဂလာအချိန်တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

အဆိုပါမဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ➜




ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၅ ရက်
အယ်ဒီတာ့အာဘော်

# ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာ

မြန်မာ့စာပေသမိုင်းတစ်လျှောက်တွင် စာကောင်းပေမွန်များစွာကိုရေးသားခဲ့ကြသည့် ရဟန်းစာဆို၊ လူစာဆိုတို့ များစွာပေါ်ထွန်းခဲ့ကြသည်။ ထိုစာဆိုများသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်စွမ်းသမျှ ကြိုးပမ်းအားထုတ်ခဲ့ကြသကဲ့သို့ ယနေ့ခေတ်စာဆိုတို့သည်လည်း စာပေယဉ်ကျေးမှု အဆင့်အတန်းမြင့်မားရေး၊ စာပေဖြင့် နိုင်ငံနှင့်ပြည်သူ့အကျိုးသယ်ပိုးနိုင်ရေးကို အစဉ်တစိုက်ကြိုးပမ်းလျက်ရှိကြသည်။

၁၉၄၇ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကို ဖွဲ့စည်းခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် ထိုအသင်းကို စာပေဗိမာန်ဟု ပြောင်းလဲခဲ့သည်။ ထိုအချိန်မှစ၍ စာပေပညာရှင်များကို အသိအမှတ်ပြုကာ စာပေဗိမာန်ဆုကိုစတင်ချီးမြှင့်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှစ၍ စာပေဗိမာန်ကာလပေါ်ဝတ္ထုဆုကို ချီးမြှင့်ခဲ့သည်။ ထို့နောက် စာပဒေသာဆု၊ ဘာသာပြန်ဆုများတိုးတက် ချီးမြှင့်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် စာပေဗိမာန်ဆုအမျိုးအစား ခုနစ်မျိုးအထိရှိလာသည်။ ၁၉၆၂ ခုနှစ်တွင် စာပေဗိမာန်ဆုကို အနုပညာဆိုင်ရာစာပေဆုဟုပြောင်းလဲသတ်မှတ်ပြီး ဘာသာရပ်ကိုးမျိုးအထိ တိုး၍ချီးမြှင့်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ပထမအကြိမ်ထုတ်ဝေသည့်စာအုပ်များမှ ဘာသာရပ်အလိုက်အကောင်းဆုံးတစ်အုပ်ရွေးချယ်ကာ အမျိုးသားစာပေဆုချီးမြှင့်ခဲ့ပြီး ပုံမနှိပ်ရသေးသောစာမူများကို စာပေဗိမာန်စာမူဆုအဖြစ် ရွေးချယ်ချီးမြှင့်ခဲ့သည်။ ထို့ပြင် မြန်မာစာပေအကျိုးကို တစ်သက်တာလုံးထူးချွန်ပြောင်မြောက်စွာအားထုတ်ရေးသားခဲ့ကြသည့် စာရေးဆရာပုဂ္ဂိုလ်ကြီးများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုလျက်နိုင်ငံတော်က အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၁၁ ခုနှစ်မှစ၍ ချီးမြှင့်ခဲ့သည်။

ထိုသို့ နိုင်ငံတော်အဆင့်ချီးမြှင့်သော ၂၀၂၄ ခုနှစ် စာပေဗိမာန်စာမူဆုများ စိစစ်ရွေးချယ်ရေးတွင် စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများဖြင့် ပြိုင်ပွဲသို့တင်သွင်းလာသော စာမူများကို သက်ဆိုင်ရာဘာသာရပ်အလိုက်ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့် သုံးဆင့်ဖြင့် စနစ်တကျစိစစ်ရွေးချယ်ကြသည်။ ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့က နိုဝင်ဘာ ၁ ရက်တွင် ထုတ်ပြန်ကြေညာပေးခဲ့ကာ အဆိုပါဆုများကို ယခုနှစ် စာဆိုတော်နေ့တွင်ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့်အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ နိုင်ငံတော်က စာပေပညာရှင်များကိုဆုချီးမြှင့်ရာ၌ ဆုငွေများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ချီးမြှင့်ခဲ့ရာ အမျိုးသားစာပေဆုတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀၊ အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ် သိန်း ၃၀ ချီးမြှင့်ခဲ့ရာမှ ယခုနှစ်တွင် သိန်း ၄၀၊ စာပေဗိမာန်စာမူဆုများကို ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ၁၀ သိန်း၊ တတိယဆု ခုနစ်သိန်း ချီးမြှင့်ခဲ့ရာမှ ယခုနှစ်တွင် ပထမဆု ငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်းနှင့် တတိယဆုကို ၁၀ သိန်းတိုးမြှင့်ချီးမြှင့်သွားမည်ဟု ဝမ်းမြောက်ဖွယ်သိရှိရပါသည်။

သို့ဖြစ်ရာ မြန်မာ့ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာ့ဓလေ့၊ မြန်မာ့ဟန်ကို လေးစားမြတ်နိုးတတ်စေရန်၊ မြန်မာ့အရေး၊ မြန်မာ့အတွေးတို့ကို ထင်ဟပ်ဖော်ကျူးနိုင်စေရန် စွမ်းစွမ်းတမံကြိုးပမ်းရေးသားခဲ့ကြသည့် စာပေပညာရှင်များကို နိုင်ငံတော်က နိုင်ငံတော်အဆင့်စာပေဆုများ ရွေးချယ်၍ စာဆိုတော်နေ့တွင် နှစ်စဉ်နှစ်တိုင်း အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်သည်မှာ မင်္ဂလာပင်ဖြစ်ပါသောကြောင့် ဆုရရှိသူများအတွက် လွန်စွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ရေးသားအပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၅၃
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး နည်းဥပဒေ ၂၆(၂)နှင့်နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ(၁၀) သို့မဟုတ် (၉၀/၁/နငသ)နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က)ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ယင်းသို့ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ(၄-ခ)ကို ယင်းရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)နှင့်ပုံစံ(၄-ခ)တို့ပူးတွဲ၍ တောင်းဆိုလွှာပုံစံ (၃)ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၆၀၆၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



မုံရွာ နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၆၀၆၈ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၆၄၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၆၀၆၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၉ ဒသမ ၆၃ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ စပါး ၂၆၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် မြို့နယ်အလိုက် စပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၈၁၂ ဧက၊ ဆွမ္မရာမြို့တွင် ဧက ၃၄၀၊ နန်းယွန်းမြို့နယ်တွင် ဧက ၁၄၅၀၊ ဒုံဟီးမြို့တွင် ၁၈၅၅ ဧက၊ ပန်ဆောင်မြို့တွင် ၁၆၁၁ ဧက စုစုပေါင်း ၆၀၆၈ ဧကဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ

ကျုံပျော် နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခွေးခွေးက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဒေသထွက် မျှင်ငါးပိများ ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုကောင်းမွန်လာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ဒေသတွင်း ငါးပိ၊ ငါးခြောက်ဈေးကွက်ထဲမှာ မျှင်ငါးပိတွေက အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ မျှင်ငါးပိ တစ်ပိဿာကို ငွေကျပ် ၂၅၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ဒီဘက်က မျှင်ငါးပိ ပွဲရုံပိုင်ရှင်တွေက ဒေသထွက်မျှင်ငါးပိတွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးပါတယ်။ ဒေသထွက် မျှင်ငါးပိတွေကို အရောင်းအဝယ်လုပ်ရတာဖြစ်တဲ့အတွက် အခက်အခဲ မရှိပါဘူး"ဟု ကျုံပျော်မြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခွေးခွေးက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဒေသထွက်မျှင်ငါးပိများကို အခြားဒေသများသို့ စနစ်တကျ ထုပ်ပိုးတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ မျှင်ငါးပိများ အရောင်းအဝယ် ကောင်းလာသည့်အတွက် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းဖြတ်မြို့နယ် အိုက်ရီ(ပါခုံ)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် နိုဝင်ဘာ ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်စေရန် ရည်ရွယ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အိုက်ရီ(ပါခုံ)ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက အိုက်ရီ(ပါခုံ)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။

မိုင်းဖြတ်မြို့နယ် အိုက်ရီ(ပါခုံ) ကျေးရွာ၌ အရှည် ၂ ဒသမ ၆ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၁ ပေ ၉ လက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇၆ ဒသမ ၅၁၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဩဂုတ် ၇ ရက်က တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင် ထံမှ သိရသည်။

ဇင်မာ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၇၄ လမ်း၊ ၂၈-၂၉ လမ်းကြားနေ မစုဝတီတင့်အားရည်စူး၍ ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင် ၂၅ ပါးအတွက် အလှူငွေကျပ် ၁၂၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မင်းကင်း နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၈၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်း ၅၅၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး စသည့်အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပသို့တင်ပို့ရောင်းချနိုင်မည် ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းရှူးမြို့နယ် နောင်လျှံကျေးရွာ၌ VRFP စီမံကိန်း မိတ်ဆက်ကော်မတီဖွဲ့စည်း

**မိုင်းရှူး နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်လျှံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီ ဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက နောင်လျှံကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီး ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ အဆိုပါကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် စီမံကိန်းနှင့်အကျုံးဝင်သည့် လုပ်ငန်းများအတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပေါ်ဆန်းဆန်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ရေကြည်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလ တစ်လအတွင်းက ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိသာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ပေါ်ဆန်းဆန်အိတ်ရေ ၆၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ပေါ်ဆန်းဆန်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ပါတယ်။ ရေကြည်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ပေါ်ဆန်းဆန်တွေကို ရန်ကုန်ဈေးကွက်ကဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ ပေါ်ဆန်းဆန် အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းနဲ့ လတ်တလောမှာပါ ပေါ်ဆန်းဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ပေါ်ဆန်းဆန်တွေကို ကုန်းလမ်းကနေကော ရေလမ်းကနေပါ အဆင်ပြေသလို တင်ပို့ရောင်းချနေပါတယ်"ဟု ရေကြည်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပေါ်ဆန်းဆန်များ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

ကျော်ကျော်လင်း



# ပါဠိတော်အဋ္ဌကထာနှင့် ဋီကာကျောက်စာများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ကမ္ဘာပေါ်တွင် ကိုးကွယ်မှုအများဆုံးဘာသာတရားတစ်ခုဖြစ်သည့် ဗုဒ္ဓဘာသာသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် စတင်ပေါ်ထွန်းခဲ့သည်။ ထိုရက်သည် ခရစ်တော်မပေါ်မီ ၅၈၉ ခုနှစ် ဧပြီ ၃၀ ရက် ဗုဒ္ဓဟူးနေ့ဖြစ်၍ ဂေါတမဘုရား ပွင့်တော်မူသည့်ရက်ဖြစ်သည်။

ဂေါတမဘုရားရှင်သည် ဘုရားအဖြစ်ပွင့်ထွန်းတော်မူသည့်နေ့မှစ၍ ပရိနိဗ္ဗာန်စံတော်မူသည့် မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့ထိ ၄၅ နှစ်တာကာလတွင် အနောက်မဇ္ဈိမဒေသအနှံ့၌ တရားဒေသနာများကို လှည့်လည်ဟောကြားခဲ့သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီး သုံးလနှင့် လေးရက်တွင် ပထမသင်္ဂါယနာတင်ပွဲကို ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ရှိ သတ္တပဏ္ဏိလိုဏ်ဂူ၌ ခုနစ်လကြာ ကျင်းပခဲ့သည်။ အရှင်မဟာကဿပမထေရ် ဦးဆောင်ပြုလုပ်ခဲ့သည့် ပထမသင်္ဂါယနာတင်ပွဲတွင် ဘုရားရှင်ဟောကြားခဲ့သည့် တရားတော်များအားလုံးကို စုစည်းခဲ့ရာ အရှင်ဥပါလိက ဝိနည်းတော်များကိုလည်းကောင်း၊ ညီတော်အာနန္ဒာက သုတ္တန်နှင့် အဘိဓမ္မာတရားတော်များကိုလည်းကောင်း သံဃာအစည်းအဝေးသို့ တင်သွင်းခဲ့သည်။

ဘုရားရှင်ဟောမြွက်ခဲ့သည့် တရားတော်များသည် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ရှိ၍ ၎င်းတို့ကို သဘောတူရာ အစုများဖွဲ့လိုက်သောအခါ အစုသုံးစုရရှိခဲ့ပြီး ၎င်းအစုများသည် ပိဋကသုံးပုံဖြစ်လာခဲ့ကာ ဝိနည်းပိဋကတ်တွင် ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ သုတ္တန်ပိဋကတ်တွင် ဓမ္မက္ခန္ဓာ ၂၁၀၀၀ နှင့် အဘိဓမ္မာပိဋကတ်တွင် ဓမ္မက္ခန္ဓာ ၄၂၀၀၀ ပါဝင်သည်။

ထိုအချိန်မှစ၍ ဗုဒ္ဓသာသနာတော်တွင် ပိဋကသုံးပုံပေါ်ထွန်းခဲ့ကာ သံဃာတော်အဆက်ဆက်က ပိဋကသုံးပုံကို အာဂုံဆောင်ခဲ့ကြသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီး နှစ် ၄၅၀ အကြာတွင် သီဟိုဠ်ကျွန်း၌ စတုတ္ထသင်္ဂါယနာတင်ခဲ့ပြီး ပိဋကတ်တော်များကို ပေရွက်များတွင် မှတ်တမ်းတင်ခဲ့သည်။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက်ပိုင်းတွင် သာသနာတော် အဓွန့်ရှည်သန့်ရှင်းတည်တံ့နိုင်စေရန် သင်္ဂါယနာတင်ပွဲများကို ခြောက်ကြိမ်ပြုလုပ်ခဲ့ရာ နောက်ဆုံးနှစ်ကြိမ်ကို မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည်။ ပဉ္စမသင်္ဂါယနာတင်ပွဲကို ရတနာပုံခေတ်တွင် မြန်မာနိုင်ငံ မန္တလေးမြို့၌ ၁၈၇၁ ခုနှစ်က ကျင်းပပြုလုပ်ခဲ့ပြီးနောက် ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ခဲ့သည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးရှိ မဟာပါသာဏလိုဏ်ဂူ၌ ၁၉၅၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့ပြီးနောက် ပိဋကသုံးပုံကျမ်းများကို စာအုပ်များအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်။

**ပါဠိတော် အဋ္ဌကထာများ**

အဋ္ဌကထာသည် ဗုဒ္ဓဘုရားရှင်ဟောကြားခဲ့သည့် ပိဋကသုံးပုံပါဠိတော်များ၏အဓိပ္ပာယ်ကို အကျယ်ဖွင့်ပြသော ရှင်းလင်းချက်ဖြစ်သည်။ ထို့ကြောင့် မြန်မာအဘိဓာန်တွင် အဋ္ဌကထာကို ပါဠိတော်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုသောကျမ်းဟု ဖော်ပြထားသည်။ ဘုရားရှင်သည် ပိဋကသုံးပုံပါ တရားတော်များကို ဟောကြားခဲ့ရာတွင် ပါဠိသက်သက်ကိုသာ ဟောကြားခဲ့ခြင်းမဟုတ်ဘဲ အနက်အဓိပ္ပာယ်အဖွင့်ဖြစ်သော အဋ္ဌကထာများကိုလည်း ဟောကြားတော်မူခဲ့သည်။ ထို့ကြောင့် ဘုရားဟောကြားအပ်သည့် ပြိုးပြွမ်းသော ပကိဏ္ဏကဒေသနာကို အဋ္ဌကထာဟု ခေါ်ဆိုကြသည်။

ပိဋကသုံးပုံကိုပင် ဒေသနာအစုအလိုက် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်ဟု နိကာယ်ငါးရပ် ပိုင်းခြားခဲ့သည်။ ပါဠိတော်များကို ဖွင့်ဆိုသည့် အဋ္ဌကထာများကိုလည်း ဝိနည်းပိဋကတ်ဆိုင်ရာ ဝိနည်းအဋ္ဌကထာ၊ သုတ္တန်ပိဋကတ်ဆိုင်ရာ သုတ္တန်အဋ္ဌကထာ၊ အဘိဓမ္မာပိဋကတ်ဆိုင်ရာ အဋ္ဌကထာဟုလည်းကောင်း၊ နိကာယ်ငါးရပ်တွင် ဒီဃနိကာယ် အဋ္ဌကထာ၊ မဇ္ဈိမနိကာယ်အဋ္ဌကထာ၊ သံယုတ္တနိကာယ်အဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ၊ ခုဒ္ဒကနိကာယ်အဋ္ဌကထာဟုပိုင်းခြားခဲ့သည်။ ထိုအဋ္ဌကထာများကို မဟာအဋ္ဌကထာဟုခေါ်ဆိုသည်။

မဟာအဋ္ဌကထာတို့ကို ပထမ၊ ဒုတိယနှင့် တတိယ သင်္ဂါယနာတင်ပွဲများတွင် ပိဋကသုံးပုံပါဠိတော်နှင့်တကွ သင်္ဂါယနာတင်ခဲ့သည်။ စတုတ္ထသင်္ဂါယနာ ပေထက်အက္ခရာတင်ချိန်တွင် အဋ္ဌကထာကျမ်းများကို ပါဠိတော်ကျမ်းများနှင့် ရေးကူးခဲ့သည်။



သာသနာနှစ် ၂၃၆ ခုနှစ်တွင် ရှင်မဟိန္ဒအမှူးရှိသော ရဟန္တာငါးပါးသည် သီဟိုဠ်ကျွန်းသို့ သာသနာပြုကြွခဲ့ကာ ပိဋကသုံးပုံပါဠိတော်နှင့် အဋ္ဌကထာတို့ကိုယူဆောင်ခဲ့ကြသည်။ ထိုပါဠိတော်နှင့်အဋ္ဌကထာတို့ကို သံဃာတော်အစဉ်အဆက် နှုတ်ဖြင့်အာဂုံဆောင်ကာ ထိန်းသိမ်းခဲ့ကြပြီး စတုတ္ထသင်္ဂါယနာတင်ချိန်တွင် ပေထက်အက္ခရာတင်ခဲ့ခြင်းဖြစ်သည်။

သာသနာနှစ် ၉၆၅ ခုနှစ်တွင် ရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းသို့ရောက်ရှိခဲ့ကာ သီဟိုဠ်မထေရ်ကြီးတို့ထံတွင် သီဟိုဠ်ဘာသာ အဋ္ဌကထာကျမ်းများကို သင်ယူခဲ့ပြီး ပိဋကသုံးပုံ အဋ္ဌကထာတို့ကို စတင်ရေးသားခဲ့ကာ အဋ္ဌကထာကျမ်းပြုအကျော်အမော်အဖြစ် ထင်ရှားခဲ့သည်။

ရှင်မဟာဗုဒ္ဓဃောသသည် မဟာအဋ္ဌကထာကျမ်းတို့ကိုမူတည်၍ သင့်လျော်ရာ အနက်အဓိပ္ပာယ်အဆုံးအဖြတ်တို့ကိုထည့်သွင်းလျက် အထပ်ထပ်ဖွင့်ဆိုကာ ကျယ်ဝန်းသောအရာတို့ကိုအကျဉ်းချုံး၍ သီဟိုဠ်ဘာသာသို့သာပြန်ဆိုခဲ့သည်။ ထို့ကြောင့် အဋ္ဌကထာသစ်ဟုလည်းကောင်း၊ ကျယ်ဝန်းသော အဋ္ဌကထာဟောင်းကြီးတို့ကို အကျဉ်းချုံး၍ထားသဖြင့် သင်္ဂဟအဋ္ဌကထာဟုလည်းကောင်း ခေါ်ဆိုခဲ့ကြသည်။ ထိုအဋ္ဌကထာများကို မြန်မာပညာရှင် သံဃာတော်များက မြန်မာဘာသာသို့ ပြန်ဆိုခဲ့ကြသည်။

ပါဠိတော်အဋ္ဌကထာများကို ထပ်မံဖွင့်ဆိုသည့် ကျမ်းများသည် ဋီကာများဖြစ်၍ ဋီကာများကို ထပ်မံဖွင့်ဆိုသည့် ကျမ်းများသည် အနုဋီကာများဖြစ်သည်။

**မြန်ပြည်တစ်ဝန်း ပိဋကတ်ကျောက်စာများ**

မင်းတုန်းမင်းသည် ရတနာပုံမန္တလေးတွင် ပဉ္စမသင်္ဂါယနာတင်ပြီးနောက် ကုသိုလ်တော်ဘုရားဝင်းအတွင်း၌ ပိဋကတ်ကျောက်စာများကို စိုက်ထူခဲ့ပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံနေရာဒေသအသီးသီး၌ ပိဋကတ်ကျောက်စာများကို ရေးထိုးစိုက်ထူခဲ့ကြသဖြင့် ပိဋကသုံးပုံကျောက်စာတိုက် ၁၄ တိုက်၊ ပိဋကတ်တော် အဋ္ဌကထာကျောက်စာတိုက် နှစ်တိုက်နှင့် ဋီကာကျော် ကျောက်စာတိုက်တစ်တိုက် ထွက်ပေါ်ခဲ့သည်။

ပိဋကသုံးပုံကျောက်စာများအနက် မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာ ၇၂၉ ချပ်ကို မန္တလေးမြို့ ကုသိုလ်တော်ဘုရားဝင်း၌လည်းကောင်း၊ ၁၂၆၉ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာ ၅၅ ချပ်ကို သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံစေတီဝင်း၌လည်းကောင်း၊ ၁၂၇၄ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာအချပ် ၄၅၀ ကို ရေနံချောင်းမြို့ ကျောက်စာရုံ၌လည်းကောင်း၊ ၁၂၇၉ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာ ၃၉၉ ချပ်ကို ဓနုဖြူမြို့ ပြည်လုံးချမ်းသာ ဘုရားကြီးဝင်း၌လည်းကောင်း၊ ၁၂၈၃ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာ ၅၈၅ ချပ်ကို သထုံမြို့ ရွှေစာရံဘုရားဝင်းအတွင်း၌လည်းကောင်း၊ ၁၂၈၆ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာချပ် ၇၂၀ ကို တိုက်ကြီးမြို့နယ် အဖျောက်မြို့ လောကမာရ်အောင်ဘုရားဝင်းအတွင်း၌လည်းကောင်း စိုက်ထူခဲ့သည်။

ထို့အတူ ၁၂၈၇ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာ ၁၇၁ ချပ်ကို မင်းကင်းမြို့ ကျောက်စာဘုရားဝင်း၌လည်းကောင်း၊ ၁၂၈၇ ခုနှစ်၌ပင်ရေးထိုးသည့် ကျောက်စာ ၁၅၄ ချပ်ကို သုံးခွမြို့နယ် မင်းရွာကံကြီးကုန်းကျောင်းတိုက်၌လည်းကောင်း၊ ၁၂၈၉ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာ ၅၁၆ ချပ်ကို သာစည်မြို့နယ် ညောင်ရမ်းကျေးရွာ ရွှေမုဋ္ဌောဘုရားဝင်း၌လည်းကောင်း၊ ၁၂၉၅ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာချပ် ၅၁၀ ကို ဝမ်းတွင်းမြို့နယ် သဲတောမြို့ ကိုးတောင်ပြည့်ဘုရား၌လည်းကောင်း၊ ၁၃၀၀ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာချပ် ၁၀၀ ကို ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာ ရွာဦးကျောင်း၌လည်းကောင်း၊ ၁၃၃၉ ခုနှစ်တွင် ရေးထိုးသည့်ကျောက်စာ ၁၀၀၅ ချပ်ကို ရန်ကင်းမြို့နယ် ပဉ္စနိကာယကျောင်းတိုက်၌လည်းကောင်း၊ ၁၃၄၂ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာချပ် ၁၀၈၀ ကို မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေတွင်လည်းကောင်းစိုက်ထူခဲ့သည်။ ပဲခူးရွှေသာလျောင်းဘုရားတွင် စိုက်ထူခဲ့သည့် ပိဋကတ်ကျောက်စာ ၅၈ ချပ်ကိုမူ ရေးထိုးသည့် ခုနှစ်ကို မသိရှိရချေ။

ပိဋကတ်ကျောက်စာများကို ဗုဒ္ဓဘုရားရှင်၏ ပိဋကသုံးပုံဖြစ်သည့် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာကျမ်းများကို ရေးထိုးကြသော်လည်း သဃ်န်းကျွန်း မင်းကင်း သုံးခွမြို့နယ်မင်းရွာနှင့် ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာရှိ ကျောက်စာများတွင် ဝိနည်းကျမ်းတစ်ခုတည်းကိုသာ ရေးထိုးပြီး ပဲခူးရွှေသာလျောင်းဘုရားကျောက်စာများတွင် အဘိဓမ္မာကျမ်းကိုသာ ထွင်းထုခဲ့သည်။

ပိဋကတ်တော်ကိုဖွင့်ဆိုသည့် အဋ္ဌကထာကျမ်းများအနက် ၁၂၇၅ ခုနှစ်တွင် ထွင်းထုခဲ့သည့် ကျောက်စာ ၁၅၀၉ ချပ်ကို မန္တလေးမြို့ စန္ဒာမုနိဘုရားဝင်းနှင့် ၁၂၇၇ ခုနှစ်တွင်ရေးထိုးခဲ့သည့် ကျောက်စာ ၅၉၇ ချပ်ကို မိတ္ထီလာမြို့ ရွှေမြင်မိစေတီဝင်းအတွင်း၌ စိုက်ထူခဲ့သည်။ အဋ္ဌကထာကျမ်းများကို ဖွင့်ဆိုသည့် ဋီကာကျမ်းကျောက်စာ ၂၆၃ ချပ်ကို မန္တလေးမြို့ စန္ဒာမုနိဘုရားဝင်း၌ စိုက်ထူခဲ့သည်။

**စန္ဒာမုနိ အဋ္ဌကထာနှင့် ဋီကာကျောက်စာများ**

မန္တလေးတောင်ခြေရှိစန္ဒာမုနိဘုရားဝင်းအတွင်း၌ ပိဋကသုံးပုံကို အကျယ်ဖွင့်ဆိုသည့် အဋ္ဌကထာနှင့် ဋီကာကျမ်း ကျောက်စာချပ်များထားရှိသည့် ဓမ္မစေတီများကို ယနေ့တိုင် ထိန်းသိမ်းထားသည်။

၎င်းကျောက်စာများကို ရသေ့ကြီးဦးခန္တီက မဟာသံဃာ့ရာဇာ တောင်ခွင်သာသနာပိုင်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် သက္ကရာဇ် ၁၂၇၅ ခုနှစ်တွင် ရေးထိုးစိုက်ထူခဲ့သည်။ သာသနာပိုင်ဆရာတော်သည် ကျောက်စာတွင်ရေးထိုးမည့် ပိဋကတ်တော်စာသားများကို အက္ခရာပုဒ်၊ ပါဌ်ကျနမှန်ကန်စေရန် ဆရာတော် ၁၅ ပါးကို တည်းဖြတ်ပြင်ဆင်သုတ်သင်စေခဲ့ပြီး အဘယာရာမ မိုးထိတိုက်ဆရာတော် ဦးဇာဂရက ကြီးကြပ်လျက် ကျောက်ထက်အက္ခရာတင်ခဲ့သည်။

ပိဋကသုံးပုံ အဋ္ဌကထာကျောက်စာ ၁၅၀၉ ချပ်၊ ဋီကာကျောက်စာ ၂၆၃ ချပ်နှင့် မှတ်တမ်းကျောက်စာချပ်နှစ်ချပ်ကို စန္ဒာမုနိဘုရားပရိဝုဏ်အတွင်း၌ အုတ်ပလ္လင်တစ်ခုစီပေါ်တွင် တစ်ချပ်မှသုံးချပ်ထိစိုက်ထူကာ အုတ်ပလ္လင်အထက်တွင် စေတီတော်တစ်ဆူစီကိုတည်ထား၍ ကျောက်စာချပ်အရေအတွက်စုစုပေါင်း ၁၇၇၄ ချပ်ကို "ဥဒေတယံ၊ ကျောက်ချပ်မှန်"ဟု မှတ်သားခဲ့ကြသည်။ ရသေ့ကြီး ဦးခန္တီသည် ကျောက်စာချပ် ၈၈၃ ချပ်ပေါ်တွင်သာ အုတ်စေတီများကို တည်ဆောက်ခဲ့သော်လည်း ယခုအခါတွင် ကျောက်စာချပ်အားလုံးကို မိုးလုံလေလုံ အမိုးအကာများပြုလုပ်ထားပြီးဖြစ်သည်။

ပိဋကတ်တော်ကျောက်စာများသည် စေတီတော် တနင်္ဂနွေထောင့်ရှိ ကျောက်စာရုံ ၁၉၄ ရုံတွင် ၄၅၄ ချပ်၊ အင်္ဂါထောင့်ရှိ ကျောက်စာရုံ ၁၉၄ ရုံတွင် ၄၅၄ ချပ်၊ စနေထောင့်ရှိ ကျောက်စာရုံ ၁၈၄ ရုံတွင် ၄၃၂ ချပ်၊ ရာဟုထောင့်ရှိ ကျောက်စာရုံ ၁၈၄ ရုံတွင် ၄၃၂ ချပ်ရှိသည်။ စုစုပေါင်း ကျောက်စာရုံ ၇၅၆ ရုံ၊ ကျောက်စာ ၁၇၇၂ ချပ်ဖြစ်သည်။

ကနောင်မင်းသား၏ သမီးတော် သုသီရိသင်္ခါဝတီက မင်းတုန်းမင်းကြီး၏ ကုသိုလ်တော်ဘုရား၌ ပိဋကသုံးပုံ ပါဠိတော်များရှိလျှင် အိမ်ရှေ့မင်း၏ အုတ်ဂူရှိသည့် စန္ဒာမုနိဘုရား၌ အဋ္ဌကထာနှင့် ဋီကာများရှိသင့်ကြောင်း ဦးခန္တီကိုလျှောက်ထားခဲ့သဖြင့် ဦးခန္တီက လှူဒါန်းခဲ့သည်ဟုဆိုကြသည်။

**နန်းမြေဘုံသာ စန္ဒာမုနိ**

စန္ဒာမုနိဘုရားသည် မန္တလေးနန်းကျုံး၏ အရှေ့မြောက်ထောင့်တွင် မန္တလေးတောင်ခြေ၌တည်ရှိကာ မန္တလေးတောင်မှ တောင်ဘက်သို့ ကိုက် ၂၀၀ ကွာဝေးသည်။ မန္တလေးအရှေ့ကျုံး ၆၆ လမ်းနှင့် ပရိယတ္တိသာသနာ့တက္ကသိုလ်လမ်းဆုံတွင် တည်ထားသည့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားသည် တစ်ချိန်က စံနန်းတော်တည်ရှိခဲ့သည့် နေရာဖြစ်သည်။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒ့ါအပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်း ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ကျွန်းလှ နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၅၀၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင်ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧက လျှင် ၄၈ ဒသမ ၇၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်း ၁၅၀၁၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင်အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

မင်းတုန်းမင်းသည် ရတနာပုံမန္တလေးမြို့ကို သက္ကရာဇ် ၁၂၂၁ ခုနှစ်တွင်တည်ထောင်ခဲ့ပြီး သက္ကရာဇ် ၁၂၂၄ ခုနှစ်တွင် မန္တလေးတောင်၏ လက်ယာဘက်တွင် နန်းမြေဘုံသာယာယာဃီစံနန်းကို ဆောက်လုပ်၍ ၎င်းနှစ် နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်နေ့တွင် ရှေ့သုံးတပ်၊ နောက်သုံးတပ်အခင်းအကျင်းဖြင့် စံနန်းသို့ထွက်စံတော်မူခဲ့သည်။ မင်းတုန်းမင်းသည် ကျောက်တော်ကြီးဘုရား၊ လယ်ထွန်မင်္ဂလာ၊ ရတနာနဒီဆည်တို့သို့ကြွချီလျှင် နန်းမြေဘုံသာ၌ ယာယီစံမြန်းလေ့ရှိခဲ့သည်။

နန်းမြေဘုံသာစံနန်းတော်၏အကျယ်အဝန်းသည် လက်ရှိစန္ဒာမုနိဘုရားဝင်းထက် များစွာကျယ်ဝန်းနိုင်ကြောင်း စန္ဒာမုနိဘုရားသမိုင်းစာအုပ်တွင်ဖော်ပြထားသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် ဝင်းတော်အတွင်းစံနန်းတော်၊ မိဖုရားတို့စံနေရန် အဆောင်တော်များနှင့် တိုက်တန်းတင်းကုပ်မှစ၍ အရပ်ရပ်အလုပ်အဆောင်ပြီးပြေလျှင် စံနန်းတော်အမည်ကို ပညာရှိတို့ ရွေးချယ်ဆက်သွင်းချက်အတိုင်း နန်းမြေဘုံသာ သမုတ်တော်မူ၍ဟုမှတ်တမ်းတင်ခဲ့သည်။

သက္ကရာဇ် ၁၂၂၈ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ခုနစ်ရက် (၁၈၆၆ ခုနှစ် ဩဂုတ် ၂ ရက်) တွင် နန်းမြေဘုံသာစံနန်းတော် လွှတ်တော်အနီးတဲကြီးတွင် မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားတို့ ဦးစီးသည့် အရေးအခင်းဖြစ်ခဲ့ကာ အိမ်ရှေ့မင်း ကနောင်မင်းသားနှင့် မြတောင်မြို့စား သေနတ်ဝန်ကြီးအပါအဝင် မင်းသားများ အသက်ဆုံးရှုံးခဲ့သည်။ ကနောင်မင်းသား၏အလောင်းကို စံနန်းတော်ဆောင်မတော်တွင် အခေါင်းသွင်း၍ ၁၁ လကြာထားရှိခဲ့သည်။ ၁၂၂၉ ခုနှစ် နယုန်လဆန်း ၅ ရက် (၁၈၆၇ ခုနှစ် ဇွန် ၆ ရက်) တွင် နန်းမြေဘုံသာစံနန်းတော်ဆောင်မကို ဖျက်သိမ်း၍ ကနောင်မင်းသား၊ မလွန်မင်းသား၊ စကုမင်းသား၊ ပြင်စည်မင်းသားတို့ကို သဂြိုဟ်ရန် အုတ်ဂူများပြုလုပ်ခဲ့သည်။ မင်းသားများ၏ရုပ်အလောင်းများကို ဂူသွင်းသဂြိုဟ်ပြီးနောက် အုတ်ဂူကို လုံခြုံစွာပိတ်၍ ဂူရှေ့နှစ်တောင်အကွာတွင် စန္ဒာမုနိဘုရားကိန်းဝပ်စံပယ်ရန် အုတ်ပလ္လင်ခံလျက် ၎င်းအပေါ်တွင် အုတ်ရိုးစေတီတည်ထားစေခဲ့ကြောင်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးစာအုပ်တွင် ဖော်ပြထားသည်။

**ကျောက်စာအလှူရှင် ရသေ့ကြီးဦးခန္တီ**

စန္ဒာမုနိ ပိဋကတ်အဋ္ဌကထာကျောက်စာများ အလှူရှင်ဦးခန္တီသည် မန္တလေးတောင်ကို သံတန်ဆောင်း၊ သံစောင်းတန်း၊ ကျောက်လှေကားများဖြင့် မွမ်းမံခဲ့သောရသေ့ကြီးဖြစ်သည်။ ဦးခန္တီသည် မန္တလေးတောင်သို့ သက္ကရာဇ် ၁၂၆၉ ခုနှစ် တပေါင်းလဆန်း ၁ ရက် (၁၉၀၈ ခုနှစ် မတ် ၂ ရက်) တွင်ရောက်ရှိလာခဲ့ကာ သက္ကရာဇ် ၁၃၁၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၄ ရက် (၁၉၄၉ ခုနှစ် ဇန်နဝါရီ ၂၇ ရက်)တွင် ကွယ်လွန်ခဲ့သည်။

ဦးခန္တီလောင်းလျာ မောင်ဖိုးမောင်ကို ရမည်းသင်းမြို့နယ်၌ သက္ကရာဇ် ၁၂၂၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက် တနင်္လာနေ့တွင် ဖွားမြင်ခဲ့သည်။ မိဘများမှာ ဦးရွှေလှနှင့် ဒေါ်ကံ ခေါ် ဒေါ်ခို့ဥဖြစ်သည်။ မောင်ဖိုးမောင် ၁၀ နှစ်အရွယ်တွင် မိဘများသည် သိမ်ကုန်းကြီးကျေးရွာသို့ပြောင်းရွှေ့ခဲ့ကာ အသက် ၁၃ နှစ်တွင် ကျောင်းမကျောင်း၌ သာမဏေဝတ်ခဲ့ပြီး အသက် ၂၀ တွင် ရှင်ခန္တီဘွဲ့အမည်ဖြင့် ရဟန်းပြုခဲ့သည်။

ရဟန်းတော်ရှင်ခန္တီသည် မန္တလေးတောင်မြောက်ဘက်ရှိ ရွှေကျင်တိုက်မတွင် နေထိုင်သီတင်းသုံးကာ ပိဋကတ်စာပေများကို သင်ယူခဲ့ပြီး သမထ၊ ဝိပဿနာတရားများကို အားထုတ်ခဲ့ပြီး ရဟန်းဝါ ၁၂ ဝါရသည့် ၁၂၆၁ ခုနှစ်တွင် ရသေ့ဘဝသို့ပြောင်းခဲ့ကာ သိမ်ကုန်းကြီးကျေးရွာမှ အရှေ့ဘက်သို့ တစ်မိုင်ကျော် ကွာဝေးသည့် ရွှေမြင်တင်တောင်တွင် ဘာဝနာအလုပ်အားထုတ်ခဲ့ရာ ရွှေမြင်တင်ရသေ့ဟု ထင်ရှားခဲ့သည်။

ဦးခန္တီသည် ၁၉၀၈ ခုနှစ်တွင် မန္တလေးမြို့သို့ ပြောင်းရွှေ့လာခဲ့ပြီး သာသနိကအဆောက်အအုံများကို တစိုက်မတ်မတ် ဆောက်လုပ်ခဲ့ရာ မြို့ပေါင်း ၂၀ တွင် ၄၇ ဌာနရှိခဲ့သည်။ ၁၉၀၈ ခုနှစ်မှ ၁၉၄၉ ခုနှစ်ထိ ၄၁ နှစ်တာကာလအတွင်း မန္တလေးတောင်တွင် ရသေ့ကြီးဦးခန္တီ တည်ဆောက်ခဲ့သည့် သာသနိကအဆောက်အအုံများ၏ တန်ဖိုးသည် ထိုခေတ်ကာလ ငွေတန်ဖိုးအရ ခန့်မှန်းကျပ် ၁၁၆၃၉၉၈၀ ဖြစ်သည်။

ဦးခန္တီသည် မန္တလေးတောင်ခြေ စန္ဒာမုနိဘုရားဝင်းအတွင်းရှိ ပိဋကသုံးပုံအဋ္ဌကထာနှင့် ဋီကာကျမ်းကျောက်စာများကို စိုက်ထူခဲ့ရာ မြန်မာနိုင်ငံရှိ ပိဋကတ်ကျောက်စာရုံများတွင် ကျောက်စာချပ်ရေ အများဆုံးဖြစ်သည်။ ၎င်းကျောက်စာချပ်များသည် မြန်မာနိုင်ငံ၏ အကြီးဆုံး ပိဋကသုံးပုံအဋ္ဌကထာနှင့်ဋီကာမှတ်တမ်းများအဖြစ် ထင်ရှားခဲ့ပေသည်။

**ကိုးကား**

- **ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ဦးမောင်မောင်တင်)**
- **မန္တလေးတောင်(လူထုဒေါ်အမာ)**
- **မန္တလေးတောင်သမိုင်းသစ် (ဘဒ္ဒန္တဇောတိကာ ဘိဝံသ)**
- **စန္ဒာမုနိဘုရားနှင့်ဓမ္မစေတီကျောက်စာများ၏သမိုင်း(ဦးအောင်သူ)**

# ဒေါသမီး

- အမှန်အမှား ခွဲခြားဖို့ရာ
တဟုန်းဟုန်းတောက် စိတ်ဖောက်မီးဟာ
ဆင်ခြင်အမှု မပြုအားပါ
ဒေါသမီး အားကြီးမားလို့လာ။

- သရဲဘီလူး ဝင်ပူးသလို
ကြမ်းကြုတ်နေခြင်း ဖြေရှင်းခက်ပို
အသိတရား ပျက်ပြားရာကို
ဒေါသမီး ခရီးဆက်ဖို့ဆို။

- စာနာမှုများ ပျက်ပြားလေတယ်
မီးတောက်အားကြီး ပူမီးနယ်ပယ်
ရှက်ကြောက်ကင်းကင်း ပြောခြင်းမှုရယ်
ငါ့သိက္ခာ ငါသာချသူကွယ်။

- ဒေါသပူမီး ကောင်းချီးမဆောင်
ရန်လိုဒေါသ ကင်းပဖို့ရှောင်
တရားနှလုံး ဆင်ထုံးဖြူရောင်
ငြိမ်းအေးကြောင်း ဆေးကောင်းရရှိအောင်။

**ဇေဒါမောင်(ပညာရေး)**

# သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၈၉၀ စိုက်ပျိုးမည်

**ပုသိမ် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၈၉၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၈၉၀ ကို ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် မြေပဲများကို အရည်အသွေးမြင့် အထွက်နှုန်း ကောင်းစေရန် တောင်သူ အသိပညာလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းကာလမှာ အဓိကထား စိုက်တာဖြစ်ပါတယ်။ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲဧက ၂၈၉၀ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေ၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားဆက်စပ်ဌာနတွေ ပူးပေါင်း လုပ်ဆောင်နေပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံတွေ အထွက်နှုန်း ကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ အတွက် ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းများ

# ဆော်ဒီအိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန် အမေရိကန်နိုင်ငံသို့ သွားရောက်မည်



ဝါရှင်တန် နိုဝင်ဘာ ၄

ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်သည် နိုဝင်ဘာ ၁၈ ရက်တွင် အမေရိကန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ် လာရောက်၍သမ္မတဒေါ်နယ်ထရမ့်နှင့်တွေ့ဆုံဆွေးနွေးမည် ဖြစ်ကြောင်း အိမ်ဖြူတော် တာဝန်ရှိသူများက နိုဝင်ဘာ ၃ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

အဘေရာဟင် သဘောတူညီချက်၌ ပါဝင်လက်မှတ်ရေးထိုးရန် ဆော်ဒီအာရေဗျနိုင်ငံကို သမ္မတဒေါ်နယ်ထရမ့်က တွန်းအားပေးနေချိန်တွင် ဆော်ဒီအိမ်ရှေ့မင်းသား ဘင်ဆယ်လ်မန်၏ အမေရိကန်ခရီးစဉ်သတင်း ပေါ်ထွက်လာခြင်းဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ရယူခဲ့သည့် အဘေရာဟင် သဘောတူညီချက်အရ အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)၊ ဘာရိန်း၊ ဆူဒန်နှင့် မော်ရိုကိုနိုင်ငံတို့သည် အစ္စရေးနိုင်ငံနှင့် ပုံမှန်သံတမန်ဆက်ဆံရေးထားရှိနိုင်ခဲ့သည်။

အိမ်ဖြူတော် ဆွေးနွေးပွဲတွင် သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဆော်ဒီအိမ်ရှေ့မင်းသားတို့ အနေဖြင့် အဘေရာဟင်စာချုပ် လက်မှတ်ရေးထိုးရေးကိစ္စကို ဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

ယင်းအပြင် သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဆော်ဒီအိမ်ရှေ့မင်းသားတို့အနေဖြင့် အမေရိကန်-ဆော်ဒီ နှစ်နိုင်ငံ အပြန်အလှန်ကာကွယ်ရေးသဘောတူညီချက် ရယူရေးကိုလည်း ထည့်သွင်းဆွေးနွေးဖွယ်ရှိသည်။

ဆော်ဒီအာရေဗျ နိုင်ငံသည် အမေရိကန်နိုင်ငံထံမှ လက်နက်ခဲယမ်းများ အများဆုံးဝယ်ယူနေသောနိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# မက္ကဆီကိုနှင့် သံတမန်အဆက်အဆံ ဖြတ်တောက်မည်ဟု ပီရူးနိုင်ငံခြားရေးဝန်ကြီး အတည်ပြုကြေညာ

လီမာ နိုဝင်ဘာ ၄

မက္ကဆီကိုနိုင်ငံနှင့် သံတမန်ဆက်ဆံရေးဖြတ်တောက်ရန် ပီရူးနိုင်ငံက ဆုံးဖြတ်ထားကြောင်း ပီရူးနိုင်ငံခြားရေးဝန်ကြီး ဟူဂိုဒီဇီလာက ယနေ့တွင် ကြေညာခဲ့သည်။

လီမာမြို့အတွင်းရှိ မက္ကဆီကိုသံရုံးအတွင်း ပီရူးဝန်ကြီးဟောင်း ဘက်ဆီချာဗက်ဇ် ဝင်ရောက်ခိုလှုံခွင့်ရခဲ့ပြီးနောက် မက္ကဆီကိုနှင့် သံတမန်အဆက်အဆံ ဖြတ်တောက်ရန် ပီရူးနိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

မက္ကဆီကိုအနေဖြင့် ပီရူးပြည်တွင်းရေးကို အကြိမ်ကြိမ်ကြားဝင် စွက်ဖက်နေမှုကြောင့် မက္ကဆီကိုနှင့် သံတမန်အဆက်အဆံဖြတ်တောက်ရန် ဆုံးဖြတ်ထားကြောင်း ပီရူးနိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များကို ထုတ်ဖော်ပြောကြားခဲ့သည်။

ပီရူးဝန်ကြီးချုပ်ဟောင်းချာဗက်ဇ်သည် သမ္မတဟောင်း ပက်ဒရိုကတ်စတီလိုက ၂၀၂၂ ခုနှစ်အတွင်း ကွန်ဂရက်လွှတ်တော်ကို ဖျက်သိမ်းရန်ကြိုးပမ်းရာတွင် ပါဝင်ပတ်သက်မှုဖြင့် တရားစွဲဆိုခံထားရသူဖြစ်သည်။

ပီရူးအစိုးရသည် ဝန်ကြီးချုပ်ဟောင်း ချာဗက်ဇ်ကို ၂၀၂၂ ခုနှစ် ဇွန်လမှစ၍ဖမ်းဆီးထိန်းသိမ်းထားသော်လည်း တရားရုံးစီရင်ချက်တစ်ရပ်အရ ယခုနှစ် စက်တင်ဘာလတွင် ပြန်လွှတ်ပေးခဲ့ရသည်။

သံတမန်အဆက်အဆံ ဖြတ်တောက်မည့်ပီရူးအစိုးရ၏ကြေညာချက်နှင့်ပတ်သက်၍ မက္ကဆီကိုအစိုးရက တစ်စုံတစ်ရာတုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားဝန်ကြီးချုပ် မီရှူစတင် ပြည်သူ့မဟာခန်းမဆောင်၌ တွေ့ဆုံဆွေးနွေး



ပေကျင်း နိုဝင်ဘာ ၄

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ယနေ့တွင် ပေကျင်းမြို့သို့ ရောက်ရှိနေသော ရုရှားဝန်ကြီးချုပ် မစ်ခေးလ်မီရှူစတင်ကို ပြည်သူ့မဟာခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယနေ့ဆွေးနွေးပွဲတွင် တရုတ်သမ္မတနှင့် ရုရှားဝန်ကြီးချုပ်တို့သည် တရုတ်နှင့် ရုရှားနှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း တရုတ်မီဒီယာများ၏အဆိုအရ သိရသည်။

နိုင်ငံတကာဝန်းကျင် အခြေအနေများ မတည်မငြိမ်ဖြစ်နေသော်လည်း ရုရှားနှင့် တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးမှာ ပို၍ခိုင်မာလာကြောင်း ရုရှားဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ယင်းအပြင် ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့အနေဖြင့် စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အာကာသနည်းပညာကဏ္ဍ၊ ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ကမ်းလှမ်းခဲ့သည်။

ရုရှားဝန်ကြီးချုပ် မီရှူစတင်သည် နိုဝင်ဘာ ၃ ရက်တွင် ဟန်ကျိုးမြို့၌ တရုတ်ဝန်ကြီးချုပ် လီချန်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် အနောက်အုပ်စုနိုင်ငံများ၏ ဖိအားပေးနေသည့်အချိန်မျိုးတွင် ဝန်ကြီးချုပ် မီရှူစတင်၏ တရုတ်ခရီးစဉ်မှာ လွန်စွာအရေးကြီးကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

Ref : Xinhua

Trs : KKO

# အီတလီနိုင်ငံ ရောမမြို့၌ ဥရောပအလယ်ခေတ်မျှော်စင်တစ်ခု တစ်စိတ်တစ်ပိုင်းပြိုကျခဲ့ရာ အလုပ်သမားတစ်ဦး သေဆုံး




ရောမ နိုဝင်ဘာ ၄

အီတလီနိုင်ငံ ရောမမြို့၌ ဥရောပအလယ်ခေတ် မျှော်စင်တစ်ခု နိုဝင်ဘာ ၃ ရက်တွင် တစ်စိတ်တစ်ပိုင်း ပြိုကျခဲ့ရာ အလုပ်သမားတစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ဥရောပ အလယ်ခေတ်မျှော်စင် တစ်စိတ်တစ်ပိုင်း ပြိုကျခဲ့ပြီးနောက် အပျက်အစီးများကြားတွင် ရိုမေးနီးယားနိုင်ငံသား အလုပ်သမားတစ်ဦး ပိတ်မိနေခဲ့ရသည်။

၎င်းအမျိုးသားကို အီတလီရှာဖွေကယ်ဆယ်ရေး သမားများက အပျက်အစီးများအောက်မှ ဆွဲထုတ်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ပြိုကျခဲ့သည့် ရှေးဟောင်းမျှော်စင်မှာ ပုပ်ရဟန်းမင်းကြီး အင်ဒိုးဆင့်-၃ က ၁၃ ရာစုခေတ်အစောပိုင်းတွင် တည်ဆောက်ခဲ့သော တော်ရီဒီကွန်တီအမည်ရှိ မျှော်စင်ဖြစ်ကြောင်း သိရသည်။

ရောမမြို့ တာဝန်ရှိသူများ၏ အဆိုအရ အမြင့် ၂၉ မီတာရှိသော တော်ရီဒီကွန်တီမျှော်စင်၏ အစိတ်အပိုင်းများမှာ နိုဝင်ဘာ ၃ ရက်တွင် နှစ်ကြိမ်တိုင်တိုင် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် ပြိုကျမှုဖြစ်ပွားခဲ့ပြီး မိနစ် ၉၀ အကြာတွင် ဒုတိယမြောက်ပြိုကျမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ရောမမြို့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua

Trs : KKO

# အမေရိကန်ကာကွယ်ရေးဝန်ကြီး ပန်မွန်ဂျုံသို့မသွားရောက်မီ ဒုံးပစ်လောင်ချာစနစ် မြောက်ကိုရီးယားစမ်းသပ်ပစ်ခတ်မှုပြုလုပ်

ဆိုးလ် နိုဝင်ဘာ ၄

အမေရိကန် ကာကွယ်ရေးဝန်ကြီးဟက်ဒ်ဆက်က တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံနယ်စပ် ပန်မွန်ဂျုံသို့မသွားရောက်မီ မြောက်ကိုရီးယားနိုင်ငံက ဒုံးပစ်လောင်ချာ စမ်းသပ်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် အနောက်ပင်လယ်မြောက်ဘက်ပိုင်းသို့ ဒုံးကျည် ၁၀ စင်းခန့် စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံနယ်စပ် စစ်မဲ့ဇုန်အတွင်းရှိ ပန်မွန်ဂျုံငြိမ်းချမ်းရေးကျေးရွာသို့ အမေရိကန် ကာကွယ်ရေးဝန်ကြီး ဟက်ဒ်ဆက်မသွားရောက်မီ တစ်နာရီခန့်အလိုတွင် ဒုံးပစ်လောင်ချာစနစ်ကို စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဟက်ဒ်ဆက်သည် ရှစ်နှစ်တာကာလအတွင်း တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံနယ်စပ်သို့ သွားရောက်သည့် ပထမဆုံး အမေရိကန်ကာကွယ်ရေးဝန်ကြီးဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်ရက်သတ္တပတ်ကလည်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်တို့၏ ဆွေးနွေးပွဲမကျင်းပမီ မိနစ်အနည်းငယ်အလိုတွင် ဒုံးပစ်လောင်ချာ စမ်းသပ်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ဖူးသည်။

မြောက်ကိုရီးယားက ယနေ့တွင် စမ်းသပ်ပစ်လွှတ်ခဲ့သည့် လက်နက်များနှင့် ပတ်သက်၍ တောင်ကိုရီးယားနှင့် အမေရိကန်တပ်မတော်တို့က အသေးစိတ်လေ့လာဆန်းစစ်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက မင်ကျိုး-၁ မျိုးဆက်သစ်အာကာသလူသယ်ယာဉ်သစ်ကို လွှတ်တင်ရန်စီစဉ်ထား



**ပေကျင်း နိုဝင်ဘာ ၄**

မင်ကျိုး-၁ အမည်ရှိ မျိုးဆက်သစ်အာကာသလူသယ်ယာဉ်သစ်ကို ၂၀၂၆ ခုနှစ်တွင် လွှတ်တင်ရန် တရုတ်အမျိုးသား အာကာသအေဂျင်စီက စီစဉ်ထားကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် လက်ရှိအသုံးပြုနေသည့် ရှန်ကျိုးအာကာသလူသယ်ယာဉ်များကို အခြေခံ၍ မင်ကျိုး-၁ မျိုးဆက်သစ်အာကာသလူသယ်ယာဉ်သစ်ကို တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

မင်ကျိုး-၁ အာကာသလူသယ်ယာဉ်ကို ကမ္ဘာဂြိုဟ်နှင့် တီယန်ကောင်းအာကာသစခန်းယာဉ်တို့ကြား သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် အသုံးပြုမည်ဖြစ်သည်။

မင်ကျိုး-၁ အာကာသလူသယ်ယာဉ်ကို ၂၀၂၆ ခုနှစ်တွင် လောင်းမတ်ချ်-၁၀ အေ ဒုံးပျံဖြင့် ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

အထက်ပါမစ်ရှင်ဖြင့် မင်ကျိုး-၁ အာကာသလူသယ်ယာဉ် စနစ်အားလုံး၏ စွမ်းဆောင်ရည်ကို လေ့လာဆန်းစစ်မည်ဖြစ်ကြောင်း၊ တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ၂၀၂၆ ခုနှစ်တွင် ရှန်ကျိုး-၂၂ နှင့် ရှန်ကျိုး-၂၃ အာကာသ လူသယ်ယာဉ်များကို တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်ရန် စီစဉ်ထားကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

Ref : Xinhua News
Trs : KKO

## စပေ့စ်အိတ်ကုမ္ပဏီက Bandwagon-4 မစ်ရှင်ဖြင့် ဂြိုဟ်တုပေါင်း ၁၈ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၄**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် Bandwagon-4 အမည်ရှိ မစ်ရှင်ဖြင့် ဂြိုဟ်တုပေါင်း ၁၈ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

Haven Demo အမည်ရှိ လမ်းကြောင်းရှာဂြိုဟ်တု တစ်စင်းနှင့် အခြားဂြိုဟ်တု ၁၇ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Haven Demo ဂြိုဟ်တုသည် လာမည့်နှစ်တွင် လွှတ်တင်မည့် Haven-1 ပုဂ္ဂလိကအာကာသစခန်း၏ လမ်းကြောင်းရှာဂြိုဟ်တုဖြစ်ကြောင်း သိရသည်။



လွှတ်တင်ပြီးနောက် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် ဂြိုဟ်တု ၁၈ စင်းကို တစ်နာရီကျော်ကြာ အချိန်ယူ၍ သက်ဆိုင်ရာပတ်လမ်းများပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

Bandwagon-4 မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီ၏ ယခုနှစ်အတွက် အကြိမ် ၁၄၀ မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ဖယ်လ်ကွန်-၉ မစ်ရှင်များအနက် ၇၀ ရာခိုင်နှုန်းကျော်မှာ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## အာရုံခံထောက်လှမ်းရေး ဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီက အောင်မြင်စွာလွှတ်တင်

**ပေကျင်း နိုဝင်ဘာ ၄**

အာရုံခံ ထောက်လှမ်းရေး ဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီက နိုဝင်ဘာ ၃ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယောင်ကန်း-၄၆ အမည်ရှိ အဆိုပါဂြိုဟ်တုကို တရုတ်နိုင်ငံ တောင်ပိုင်း ဟိုင်နန်ကျွန်း ဝန်ချန် အာကာသစခန်းမှ တစ်ဆင့် လောင်းမတ်ချ်-၇ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၇ ဒုံးပျံသည် သယ်ဆောင်ထားသည့် ယောင်ကန်း-၄၆ ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယောင်ကန်း-၄၆ ဂြိုဟ်တုကို သဘာဝဘေး ကြိုတင်ကာကွယ်ရေး၊ မြေအရင်းအမြစ်တိုင်းတာရေးနှင့် အခြားဆက်စပ်နယ်ပယ်များအတွက် အသုံးပြုရန် တရုတ်အာကာသအေဂျင်စီက စီစဉ်ထားကြောင်း သိရသည်။

ယောင်ကန်း-၄၆ ဂြိုဟ်တုသည် လက်ရှိရောက်ရှိနေသော ပတ်လမ်းမှတစ်ဆင့် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်တွင်ရှိသော ပတ်လမ်းပေါ်သို့ ဆက်လက်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ယောင်ကန်း-၄၆ ဂြိုဟ်တုမစ်ရှင်သည် လောင်းမတ်ချ်အုပ်စုဝင် ဒုံးပျံများ၏ ၆၀၅ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## အရွယ်ရောက်လူငယ်များကြား ပြင်းထန်သည့် အူနံရံအသားပိုထွက်မှုရောဂါဖြစ်ပွားနှုန်း သိသိသာသာ မြင့်တက်လာ

**နယူးယောက် နိုဝင်ဘာ ၄**

အရွယ်ရောက်လူငယ်များကြား ပြင်းထန်သည့် အူနံရံအသားပိုထွက်မှုရောဂါတစ်မျိုးဖြစ်ပွားနှုန်းမှာ သိသိသာသာမြင့်တက်လာကြောင်း အမေရိကန်သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ကယ်လီဖိုးနီးယားတက္ကသိုလ်မှ အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ၅၀ အောက် လူငယ်များကြားတွင် အူနံရံအသားပိုထွက်မှုပြဿနာ(Diverticulitis) ခေါ် ရောဂါတစ်မျိုးဖြစ်ပွားမှုမှာ ပုံမှန်ထက် နှစ်ဆမြင့်တက်လာကြောင်း သိရသည်။

၂၀၀၅ ခုနှစ်တွင် အူနံရံအသားပိုထွက်မှုပြဿနာကြောင့် ဆေးရုံတက်ခဲ့ကြရသည့် အသက် ၅၀ အောက် လူငယ်အချိုးအစားမှာ ၁၉ ရာခိုင်နှုန်းသာရှိခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ၂၈ ရာခိုင်နှုန်းထိ တိုးလာကြောင်း၊ အူနံရံအသားပိုများပေါ်ထွက်မှု ရောဂါသည် ပြင်းထန်ခဲ့ပါက အသက်အန္တရာယ်ပေးနိုင်သည့် ရောဂါတစ်မျိုးဖြစ်ကြောင်း၊ အူနံရံအသားပိုများပေါ်ထွက်မှုပြဿနာကို သက်ကြီးပိုင်းများတွင် ဖြစ်ပွားတတ်သောရောဂါအဖြစ် မှတ်ယူထားခဲ့ကြသော်လည်း အသက် ၅၀ အောက် လူငယ်များကြားတွင်လည်း ၎င်းရောဂါဖြစ်ပွားမှုနှုန်း သိသိသာသာ မြင့်တက်လာသည်ကို တွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

## လှုပ်ရှားမှုဆိုင်ရာအာရုံနှာဗ်ဆဲလ်ပျက်စီးမှု ရောဂါဖြစ်ပွားရခြင်း မျိုးဗီဇတစ်မျိုးကို သုတေသနပညာရှင်များ ရှာဖွေတွေ့ရှိ

**နယူးယောက် နိုဝင်ဘာ ၄**

Amyotrophic Lateral Scleross(ALS) လှုပ်ရှားမှုဆိုင်ရာ အာရုံနှာဗ်ဆဲလ် ပျက်စီးမှုရောဂါဖြစ်ပွားရခြင်း၏ နောက်ကွယ်ရှိ မျိုးဗီဇတစ်မျိုးကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Amyotrophic Lateral Scleross(ALS) ဟုလည်း အများသိကြသည့်အဆိုပါရောဂါကို ခံစားရပါက ဦးနှောက်၏ ကြွက်သားများကို ထိန်းချုပ်နိုင်စွမ်း ထိခိုက်ပျက်စီးသွားတတ်သည်။

အမေရိကန်သုတေသနပညာရှင်များသည် ALS အပါအဝင် ဦးနှောက်အာရုံနှာဗ်ဆဲလ်ရောဂါလေးမျိုးခံစားနေရသော လူနာဦးရေ ၆၀၀ တို့၏ မျိုးဗီဇများကို လေ့လာစိစစ်ခဲ့ကြရာ လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ ALS လူနာများနှင့် အခြားဦးနှောက်အာရုံနှာဗ်ဆဲလ်ရောဂါလူနာအများအပြားတွင် အလွန်ရှားပါးသည့် မျိုးဗီဇပေါင်း ၄၂၃ မျိုးထိရှိနေသည်ကို တွေ့ရကြောင်း သိရသည်။

အထက်ပါ ရှားပါးလာသည့် မျိုးဗီဇများသည်ပင် ALS ရောဂါနှင့် အခြားဦးနှောက်အာရုံနှာဗ်ဆဲလ်ရောဂါများ၏ နောက်ခံအကြောင်းတရားဖြစ်နိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News
Trs : KKO



# ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်   နိုဝင်ဘာ   ၄

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူး(၂) နော်သဇင်တုပ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူး(၂) နော်သဇင်တုပ်**

**မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်၊ မြန်မာနိုင်ငံသူ/သားများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ရှေးဦးစွာ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် အခြေစိုက် ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီဗဟို၏ အတွင်းရေးမှူး(၂) နော်သဇင်တုပ် ဖြစ်ပါတယ်ရှင်။ ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ၏ သဘောထား၊ မူဝါဒနှင့် ရှေ့ဆက်လုပ်ငန်းစဉ်များကို ဖတ်ကြားပေးပါ့မယ်ရှင်-**

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်အတွင်း နေထိုင်ကြသည့် မြန်မာနိုင်ငံသား တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသော ပြည်သူများအားလုံးနှင့်အတူ ပူးပေါင်းလက်တွဲကာ ကရင်ပြည်နယ်အေးချမ်းသာယာဖွံ့ဖြိုးမှုမှတစ်ဆင့် အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန်အတွက် ရည်ရွယ်ပါသည်။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်အတွင်း အတူတကွ ယှဉ်တွဲနေထိုင်ကြသော ကရင်တိုင်းရင်းသားများ၊ အခြားသော တိုင်းရင်းသားများနှင့် မျိုးနွယ်စုများအားလုံးကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီဖြစ်ပါသည်။

ထို့ကြောင့် ကရင်ပြည်နယ်အတွင်း နေထိုင်ကြသော ကရင်တိုင်းရင်းသားများ၊ အခြားသော တိုင်းရင်းသားများနှင့် မျိုးနွယ်စုများအားလုံး လက်ရှိကြုံတွေ့နေရသည့် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးစိန်ခေါ်မှုများ၊ အခက်အခဲများအားလုံးကို လက်တွဲကာ ပူးပေါင်းအဖြေရှာနိုင်ရန်အတွက် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရခြင်း ဖြစ်ပါသည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏နိုင်ငံရေးမူဝါဒ (၅)ချက်ကို ဖတ်ကြားပေးပါ့မယ်ရှင်-**

၁။ တိုင်းရင်းသား (၈) မျိုးနှင့် မျိုးနွယ်စုများအကြား တန်းတူညီမျှမှုကို အခြေခံ၍ အတူယှဉ်တွဲနေထိုင်နိုင်သည့် နိုင်ငံတော်အား တည်ဆောက်သွားရန်၊

၂။ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပါတီ တစ်ခုခု၏ ဩဇာကိုမျှ မခံယူဘဲ လွတ်လပ်စွာဖြင့် အများဆန္ဒနှင့်အညီ ဒီမိုကရေစီကျကျ ရပ်တည်သွားရန်၊

၃။ ဦးတည်ချက်နှင့် ရည်မှန်းချက်တူညီသော နိုင်ငံရေး ပါတီများနှင့် မဟာမိတ်ဖွဲ့ပြီး နိုင်ငံတော် ဖွံ့ဖြိုးရေး၊ အေးချမ်းသာယာရေးဆိုင်ရာ ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်သွားရန်၊

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ လုပ်ဆောင်သွားရန်၊

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေအရပ်ရပ်ကို သုံးသပ်ကာ လိုက်လျောညီထွေဖြစ်စေမည့် ဘက်မလိုက်သည့် အလယ်အလတ်လမ်းစဉ်ကို ကျင့်သုံးသွားရန်တို့ဖြစ်ပါသည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏ ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားပေးပါ့မယ်-**

- ကရင်ပြည်နယ်အတွင်း နေထိုင်ကြသော ကရင်တိုင်းရင်းသားများနှင့် အခြားသော တိုင်းရင်းသားမျိုးနွယ်စု လူငယ်များ၏ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ရေတို၊ ရေလတ်၊ ရေရှည် မူဝါဒများကို ရေးဆွဲချမှတ်ကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
- ရွှေ့ပြောင်းလုပ်သားများ ရင်ဆိုင်နေရသော အခက်အခဲများနှင့် ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် မူဝါဒများကို ပြည်ထောင်စု အစိုးရနှင့်အတူ ရေးဆွဲချမှတ်ကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
- စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကဏ္ဍများ တိုးတက်စေရေးအတွက် နည်းပညာနှင့် အရင်းအနှီးဆိုင်ရာ မူဝါဒများကို ပြည်ထောင်စု အစိုးရနှင့် ပူးပေါင်းရေးဆွဲကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး “ဗုဒ္ဓံသရဏံဂစ္ဆာမိ”အစချီသည့် အရိယာသာဝိတ္တိဂါထာတော်ကို သံပြိုင်ညီညာသုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့်နေရာသို့ ပင့်ဆောင်ကြသည်။ ထိုသို့ပင့်ဆောင်နေချိန်၌ ဝတ်အသင်းအဖွဲ့များက ဘုရားများအား ဥပါသကာများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်ပေါ်သို့ ဆက်လက်ဆက်ကပ်ပူဇော်သည်။

ထိုသို့ ဆက်ကပ်ပူဇော်နေချိန်တွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး ဦးဆောင်သော ဘုရားဒါယကာ၊ ဒါယိကာမများက ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ၊ ပရိတ်၊ မေတ္တာပို့လင်္ကာများကို ရွတ်ဆိုပွားများ ပူဇော်ကြသည်။

ယင်းနောက်သမ္ဗာဒေဝနတ်ကောင်းနတ်မြတ်များနှင့် သုံးဆယ့်တစ်ဘုံသားတို့အား ဂုဏ်တော်ကိုးပါးပါဠိကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို လေးခေါက်ခေါက်ခြင်း၊ ထပ်၍စုစည်းခြင်းများကို ဆောင်ရွက်ကြပြီး ရွှေကြာကလပ်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုရက်ကန်းအဖွဲ့ ၁၅ ဖွဲ့က ရက်လုပ်စပ်ချုပ်သီလွှမ်းထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဆက်ကပ်လှူဒါန်းသည်။

ငင်းနောက် မသိုးရွှေကြာသင်္ကန်းတော်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဘုရားဒါယကာ၊ ဒါယိကာမများက ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ၊ ပရိတ်၊ မေတ္တာပို့လင်္ကာများကို ရွတ်ဆိုပွားများ ပူဇော်ကြစဉ်။

မေတ္တာပို့၍ ကုသိုလ်အမျှပေးဝေကြကာ အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလအခါသမယတွင်ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ညနေပိုင်းတွင် သင်္ကန်းတော်များကိုစတင်ရက်လုပ်၍ လပြည့်နေ့အရုဏ်မတက်မီအချိန် အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်းဖြစ်ကြောင်း၊ မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းများကို နှစ်စဉ်နိုင်ငံတစ်ဝန်း အမြို့မြို့အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌လည်း နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး ဦးဆောင်သော ခုနစ်ရက်သားသမီးများက မသိုးရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)





မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့်နေရာသို့ ပင့်ဆောင်ကြစဉ်။


☆ **ကျောဖုံးမှအဆက်**

မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Iskander Azizov နှင့် နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အစိုးရအဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံ၏သာယာလှပမှု၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာမြင့်မားပြီး ခမ်းနားထည်ဝါမှုတို့ကို လေ့လာတွေ့ရှိခဲ့ရသည့်အပြင် မြန်မာနိုင်ငံအစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများကိုလည်း ဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေများ၊ နိုဗိုစီဗစ်ဒေသသို့ပြန်လည်ရောက်ရှိပါက မြန်မာနိုင်ငံ၏ သာယာလှပမှု၊ ခမ်းနားထည်ဝါမှုများကို နိုဗာစီဗစ်ဒေသမှတစ်ဆင့် ရုရှားနိုင်ငံသူ၊ နိုင်ငံသားများ သိရှိနိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နှစ်ဖက်ဆွေးနွေးမှုရလဒ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား၊ နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး လမ်းညွှန်မှာကြားထားရှိပြီး နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့အနေဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ။

မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့အကြား စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး စသည်တို့အပြင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား၊ နိုဗိုစီဗစ်ဒေသတို့အကြား ထုတ်ကုန်ပစ္စည်းများအပြန်အလှန်တင်ပို့၍ ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသအပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်သွားမည့်အခြေအနေများ၊နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ယခုခရီးစဉ်သည် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား၊ နိုဗိုစီဗစ်ဒေသတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေခဲ့ပြီး အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ခဲ့သည့် အခြေအနေများနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည့်အခြေအနေများ၊ မကြာမီကာလအတွင်း မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေးဆောင်ရွက်သွားမည့်အခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်သည့်အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့ အနေဖြင့်လည်း မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အားပေးထောက်ခံလျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikovတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# တန်ဆောင်မုန်းလပြည့်နေ့ မိုးဖွဲဖွဲရွာသော်လည်း ပုဂံတွင် ခရီးသွားများစည်ကား

**ရန်ကုန် နိုဝင်ဘာ ၄**

အများပြည်သူရုံးပိတ်ရက် တန်ဆောင်မုန်းလပြည့်နေ့အခါသမယတွင် ပုဂံယဉ်ကျေးမှုဒေသ၌ မိုးဖွဲဖွဲရွာလျက်ရှိသော်လည်း ခရီးသွားများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

သီတင်းကျွတ်ကာလ ခရီးသွားရာသီအစတွင် ပုဂံယဉ်ကျေးမှုဒေသသို့ ခရီးသွားအများဝင်ရောက်ခဲ့ကာ တန်ဆောင်တိုင်ပွဲတော်ကာလ၌လည်း ကုသိုလ်ယူလည်ပတ်နိုင်ရန် ဟိုတယ်အခန်းများ ကြိုတင်မှာယူထားကြပြီး ရာသီဥတုကောင်းမွန်ပါက ယခုထက် ပိုမိုလာရောက်လာနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းကြသည်။

“လပြည့်နေ့မှာ မိုးရွာပေမယ့် ပုဂံကို ခရီးသွားတွေ လာကြတယ်။ ဟိုတယ်တွေမှာ ကြိုတင်မှာထားတဲ့ခရီးသွားတွေ၊ ဘုရားဖူးလာတဲ့ကားတွေနဲ့အပြည့်ပါ။ ရာသီဥတုကောင်းရင် အခုထက်ပိုပြီး ခရီးသွားများမှာပါ။ ဘုရား၊စေတီတွေမှာလည်း စည်ကားပါတယ်။ ပုဂံယဉ်ကျေးမှုဒေသကို ခရီးသွားဝင်ရောက်တာများတဲ့အတွက် ဝမ်းသာပါတယ်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေ စုဝေးရာ ပုဂံဒေသကို လာရောက်ကုသိုလ်ယူလည်ပတ်ဖို့ ဖိတ်ခေါ်ပါတယ်”ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ တာဝန်ရှိသူက ပြောပြသည်။

ပြည်တွင်း ခရီးသွားများနည်းတူ နိုင်ငံခြားခရီးသွားများလည်း လေ့လာလည်ပတ်မှုများပြားကြောင်း၊ တန်ဆောင်မုန်းလပြည့်ညတွင် အထင်ကရဘုရား၊ စေတီ ၁၈ ဆူတို့တွင် ဆီမီးများပူဇော်၍ ကုသိုလ်ယူသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

“ထီးလိုမင်းလိုဘုရားကို တန်ဆောင်တိုင်ပိတ်ရက်မှာ ခရီးသွား ၈၀၀၀ ဝန်းကျင်၊ လပြည့်နေ့မှာ ၁၀၀၀၀ နီးပါး လာရောက်ခဲ့တယ်။ အရင်နှစ်ကထက် ခရီးသွားပိုဝင်တဲ့ သဘောပါ။ ပုဂံဟာ မြန်မာယဉ်ကျေးမှုအမွေအနှစ်တွေစုဝေးရာ ဒေသဖြစ်တဲ့အတွက် ပုဂံကိုမြင်လိုက်တာနဲ့ နိုင်ငံကို ချစ်မြတ်နိုးစိတ်၊ ဘာသာတရားကို လေးစားတန်ဖိုးထားစိတ်တွေ ပေါ်ထွန်းလာစေတာအမှန်ပါ” ဟု ထီးလိုမင်းလိုဘုရားဂေါပကအဖွဲ့မှ အတွင်းရေးမှူးက ပြောပြသည်။

ယခုရက်ပိုင်းအတွင်း ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းနှင့် ဖိလစ်ပိုင်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသည့် တိုင်ဖွန်းမုန်တိုင်းတို့၏အရှိန်ကြောင့် မြန်မာနိုင်ငံတွင် နေရာကွက်၍ မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့ဖြစ်ပေါ်ခဲ့သော်လည်း တန်ဆောင်တိုင်ပွဲတော်ကာလ၌ ပုဂံဒေသတွင် အများပြည်သူခရီးသွားလာမှုများပြားပြီး ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**သစ္စာ(MNA)**


❖ **နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်မှ**

နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ကယားပြည်နယ်၊ကရင်ပြည်နယ်၊ချင်းပြည်နယ်၊မွန်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိတိုက်ခတ်နိုင်သည်။လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေ ခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၄-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၅-၁၁-၂၀၂၅ ရက်နေ့မှ ၆-၁၁-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့က ဂုဏ်ပြုဖျော်ဖြေသည့် ပဒေသာကပွဲသို့ တက်ရောက်ကြည့်ရှုအားပေး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် "မဟာရုရှားနှင့် ဆိုက်ဘေးရီးယား" အမည်ရသည့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားတွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့က "မဟာရုရှားနှင့် ဆိုက်ဘေးရီးယား"အမည်ရသည့် ပဒေသာကပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC–1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H. E. Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ "မဟာရုရှားနှင့် ဆိုက်ဘေးရီးယား" အမည်ရသည့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားကို နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖွင့်လှစ်ကာ အလေးပြု၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ ထင်ရှားသည့် "Chaldony" State Song and Dance Ensemble အဖွဲ့က တင်ဆက်မည့်ဖျော်ဖြေပွဲတွင် အားလုံးကို ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် ယနေ့ နေ့လယ်ခင်းသည် အဓိပ္ပာယ်ပြည့်ဝပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အချိန်အခါလည်းဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှု၊ ပညာရေးနှင့် အနုပညာအပါအဝင် ကဏ္ဍပေါင်းစုံ၌ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေခံပြီး ခိုင်မြဲသည့် သံတမန်ဆက်ဆံမှုကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ၇၇ နှစ် ပြည့်မြောက်ကျော်လွန်လာခဲ့ပြီဖြစ်ကြောင်း။

ကာကွယ်ရေး၊ ပညာရေး၊ သိပ္ပံ၊ နည်းပညာ၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုအပါအဝင် နယ်ပယ်များစွာ၌ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်အခြေခံပြီး မိမိတို့နှစ်နိုင်ငံသည် ဆယ်စုနှစ်များစွာ ကြာရှည်ခိုင်မာသည့် ဆက်ဆံရေးကိုတည်ဆောက်ထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း နိုဗိုစီဗစ်နှင့် မြန်မာအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ် မတ်လအတွင်း မိမိအနေဖြင့် ရုရှားနိုင်ငံကို သွားရောက်ခဲ့သည့် ခရီးစဉ်၌ အဆွေတော်နှင့်တွေ့ဆုံခဲ့စဉ် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရေး ဖိတ်ကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ သာယာလှပမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကိုယ်တိုင်ကိုယ်ကျ ခံစားရှုမြင်ပြီးဖြစ်သည်ဟု ယုံကြည်ကြောင်း။

နိုဗိုစီဗစ်ဒေသ ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်လာသည့် "Chaldony" State Song and Dance Ensemble ၏ ယနေ့ ဖျော်ဖြေပွဲမှတစ်ဆင့် နိုဗိုစီဗစ်ဒေသ၏ အနုပညာရသနှင့် ဆိုက်ဘေးရီးယန်း အနုပညာများကို မိမိတို့မြန်မာများ ကြည့်ရှုခံစားနိုင်ရုံသာမက နှစ်နိုင်ငံပြည်သူများ အချင်းချင်းအကြား ခိုင်မြဲသည့်ချစ်ကြည်ရင်းနှီးမှုကိုလည်း ထပ်လောင်းအတည်ပြုနိုင်မည်ဖြစ်ကြောင်း။

အနုပညာဆိုသည်မှာ လူသားတို့၏ ယဉ်ကျေးမှုနှင့် စိတ်ဝိညာဉ်ကို ဖော်ပြလျက်ရှိကြောင်း၊ အနုပညာသည် အတားအဆီးအားလုံးကို ကျော်ဖြတ်ပြီး အလှတရား၊ သဟဇာတဖြစ်မှုနှင့် ငြိမ်းချမ်းမှုတို့ကို မျှဝေခံစားစေခြင်းဖြင့် လူသားအားလုံးကို ချစ်ကြည်ရင်းနှီးမှုဖြင့် ပေါင်းစည်းပေးပါကြောင်း၊ ထို့ကြောင့် ယနေ့ဖျော်ဖြေပွဲသည် ယဉ်ကျေးမှုဖလှယ်ရေး၊ ဖျော်ဖြေရေးသက်သက်သာမဟုတ်ဘဲ မိမိတို့နှစ်နိုင်ငံအကြား နွေးထွေးရင်းနှီးသည့်ဆက်ဆံရေးကို များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း။

ထို့ကြောင့် အားလုံးအတွက် တေးဂီတ၊ ခင်မင်မှုပျော်ရွှင်မှုများဖြင့် ပြည့်နှက်နေသည့် မင်္ဂလာအချိန်အခါ **စာမျက်နှာ ၁၉ သို့**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့က ဂုဏ်ပြုဖျော်ဖြေသည့် ပဒေသာကပွဲကို ကြည့်ရှုအားပေးစဉ်။

စာမျက်နှာ ၁၈ မှအဆက်

ဖြစ်ပါစေဟု ဆုတောင်းလိုက်ပါကြောင်း၊ ယနေ့ဖျော်ဖြေပွဲမှသည် ရှေ့ဆက်၍ မိမိတို့ ဒေသများအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုအတွက် စိတ်အားထက်သန်မှုများကို ထပ်လောင်းအားဖြည့်နိုင်ပါစေကြောင်းနှင့် မြန်မာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသတို့ အကြားကောင်းမွန်ခိုင်မာပြီး နောင်မျိုးဆက်သစ်များစွာတိုင် ဆက်လက်ရှင်သန်ထွန်းကားပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကားပြန်လည်ပြောကြားရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားမှုအရ ယခုကဲ့သို့ ထူးခြားလှပသည့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ရရှိသည့်အတွက် စိတ်ရင်းမှန်ဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ဆိုက်ဘေးရီးယားလူမျိုးများကို ဧည့်ဝတ်ကျေပွန်စွာ ကြိုဆိုဧည့်ခံမှု၊ မိမိတို့၏ ယဉ်ကျေးမှုနှင့် အနုပညာအပေါ် စိတ်ဝင်စားမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ဘာသာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များသည် ကြွယ်ဝမှုနှင့် နက်ရှိုင်းမှုတို့၌ ထင်ရှားပေါ်လွင်အံ့သြဖွယ်ရာဖြစ်ပြီး ယခုကဲ့သို့ ကြွယ်ဝမှုများသည် မြန်မာနိုင်ငံသားတို့၏ ရိုးသားပွင့်လင်းမှုများကို တွေ့မြင်စေရပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နယ်မြေပေါ်တွင် လူမျိုးပေါင်းတစ်ရာကျော်မှ နေထိုင်ကြသော်လည်း၊ မိမိတို့အားလုံးသည် တူညီသောသမိုင်းကြောင်းနှင့် တူညီသောကံကြမ္မာတို့ဖြင့် စည်းလုံးညီညွတ်လျက်ရှိပါကြောင်း။

"Chaldony" ဟူသော အမည်သည် မိမိတို့နိုင်ငံ၏ သမိုင်းနှင့် နက်ရှိုင်းစွာဆက်စပ်နေပြီး ရှေးဟောင်းဆိုက်ဘေးရီးယားလူမျိုးများ၊ ရုရှားလူမျိုးများ၊ ဆိုက်ဘေးရီးယား၏ ပထမဆုံးအောင်နိုင်သူများကို ကိုယ်စားပြုပါကြောင်း၊ အဆိုပါအဖွဲ့သည် ရိုးရာဓလေ့များကို ဂရုတစိုက်ထိန်းသိမ်းပြီး ဆိုက်ဘေးရီးယား၏ သီချင်းနှင့် ဂီတအမွေအနှစ်ကို ကိုယ်စားပြုပါကြောင်း၊ ယနေ့တွင် မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၌ ဂုဏ်ယူစွာဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ပြီး ဆိုက်ဘေးရီးယားယဉ်ကျေးမှု၊ အနုပညာနှင့် အပျော်ရွှင်ဆုံးရင်းနှီးမှုရရှိပါစေရန် ဆုတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ တက်ရောက်လာကြသူများသည် နိုဗိုစီဗစ်"Chaldony" State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ကြရာတွင် နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များက အဆိုအကနှင့် ဂီတအနုပညာများကို သဟဇာတဖြစ်စွာဖြင့် ကြွယ်ဝများပြားလှသည့် ဂန္ထဝင်ပုံစံများ၊ ရိုးရာဓလေ့ပုံစံများကိုအခြေခံ၍ ရုရှားရိုးရာတေးသီချင်းများ၊ ဆိုက်ဘေးရီးယားဒေသဂီတနှင့် တေးသီချင်းများကို ရင်သပ်ရှုမောဖွယ်လှုပ်ရှားမှုများဖြင့် တင်ဆက်ခဲ့ကြသည်။ ထို့ပြင် **"ပေါင်မုန့်သည် အရာရာ"** ဟု အမည်ရသည့် တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုအပြီး၌ နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များက နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့ထံသို့ ဧည့်ဝတ်ကျေပွန်မှုနှင့် ခင်မင်ရင်းနှီးမှုတို့ကို ကျေးဇူးတင်ရှိပြီး နွေးထွေးမှုနှင့် ပျော်ရွှင်မှုတို့ကို မျှဝေလိုသည့်အနေဖြင့် ရုရှားရိုးရာဓလေ့ထုံးတမ်းစဉ်လာဖြစ်သည့် ပေါင်မုန့်နှင့် ဆားတို့ကို ယူဆောင်၍ တည်ခင်းဧည့်ခံဂါရဝပြုကြသည်။

ဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များကိုလည်းကောင်း၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များကိုလည်းကောင်း ဂုဏ်ပြုပန်းခြင်းများကို ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် ယဉ်ကျေးမှုအထိမ်းအမှတ်လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် နိုဗိုစီဗစ် "Chaldony "State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် အထူးဖန်တီးထားသည့် "လတ်တီး" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဖျော်ဖြေပွဲ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (မဝ၁)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H. E.Mr. Andrey Aleksandrovich Travnikov တို့ ယဉ်ကျေးမှုအထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြစဉ်။

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းဒေသများသို့ ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၄

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ပိုမိုအားကောင်းလာကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၅ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပပြုလုပ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ဆီမီးထွန်းညှိပူဇော်စဉ်။



ရွှေတိဂုံစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။



ပဲခူးမြို့ ရွှေမော်ဓောစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။



မန္တလေးမြို့ ရတနာပုံဥယျာဉ်၌ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ယနေ့သည်ဗုဒ္ဓဘာသာဝင်တို့၏နေ့ထူးနေ့မြတ်များအနက် တစ်ရက်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) ဖြစ်သည်နှင့်အညီ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းတစ်ရပ်အဖြစ် လက်ဆင့်ကမ်းထိန်းသိမ်းပြီး နှစ်စဉ်ကျင်းပပြုလုပ်ကြသည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်းကပ်လှူ၍ ကထိန်အလှူတော်မင်္ဂလာဆင်ယင်ခြင်း၊ ဒါနသီလဘာဝနာကုသိုလ်ယူ ဆည်းပူးပွားများခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြပြီး ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုခြင်းများကို ပြုလုပ်ကြသည်။

ထိုသို့ မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို ထိန်းသိမ်း ဆင်နွှဲလျက်ရှိကြရာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင်လည်း ယနေ့ညပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက စေတီတော်မြတ်အား ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းများဖြင့် တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့) တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။



မြစ်ကြီးနားမြို့ ဆုတောင်းပြည့်စေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

အလားတူ တန်ဆောင်တိုင်မီးထွန်းပွဲတော်အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာရှုမငြီးဖွယ်ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ထားရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။

"တန်ဆောင်"မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရပြီး "မုန်း"မှာ တောက်ပသည်ဟူသော အနက်ကိုယူ၍ ဝေါဟာရပေါင်းစည်းသည့်အခါ "ဆီမီးတိုင်များ မျက်စိတစ်ဆုံး ပွားများထွန်းလင်းနေသည်"ဟု ဆိုလိုသည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ၊ ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲများကိုကျင်းပခြင်း၊ မသိုးသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်းဆန်တော်လောင်းလှူခြင်းများပြုလုပ်ကြရာ အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ထွန်းညှိပူဇော်ဖူးမြော်ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်များတွင်လည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားသိုက်မြိုက်လျက် ရှိသည့်အပြင် ညပိုင်းတွင် မဲဇလီဖူးသုပ်ဒါနပြုကြသူများ၊ ပံ့သကူအလှူပြုကြသူများ၊ ပံ့သကူအလှူကောက်ကြသူများဖြင့် အေးချမ်းပျော်ရွှင်လျက်ရှိသည်ကို တွေ့ရသည်။

အလားတူ တန်ဆောင်တိုင် ရုံးပိတ်ရက်ကာလဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက်အပန်းဖြေကြသူများနှင့် အထူးစည်ကားလျက်ရှိကာ တန်ဆောင်မုန်းလပြည့်နေ့အခါသမယကို အများပြည်သူများအနေဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ပြင်ဦးလွင်မြို့ရှိ ကန်တော်ကြီးဥယျာဉ်တွင် လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားလျက်ရှိစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ လမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ဆင်နွှဲကြစဉ်။

# ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းကို ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အမရရွှေပြည်ရက်ကန်းစင်အသင်းကို ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၅ ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ညမီးကြီး(ညမီးကျည်) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းကို ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ညမီးကြီး၊ စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြုအသင်းကို ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင် အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး မိုင်းခံစံချိန်အကောင်းဆုံးဆုရရှိသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စားပြုအသင်းကို ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦး မီးပုံးပျံပုံသဏ္ဌာန်အလှပဆုံးဆုရရှိသည့်အသင်းကို ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များတက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ပေါ်သို့ ရောက်ရှိကြရာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများပစ်ဖောက်ပူဇော်ကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဆီမီးများအတူတကွ ထွန်းညှိပူဇော်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး **စာမျက်နှာ ၂၂ သို့**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ရုရှား- မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် မီးပုံးပျံလွှတ်တင်နေမှုကို ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov အား ကျောက်စာရုံစေတီအတွင်း လိုက်လံရှင်းလင်းပြောကြားစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆီမီးများထွန်းညှိပူဇော်စဉ်။

**စာမျက်နှာ ၂၁ မှအဆက်**

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က သဒ္ဓါမိပတိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်ကြကာ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် အခမ်းအနားကျင်းပမည့် ရေပန်းရင်ပြင်တော်သို့ရောက်ရှိကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် စိန်နားပန်မီးပုံးပျံလွှတ်တင်မှုနှင့် ညမီးကြီးမီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

မီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများဆောင်ရွက်နေချိန်နှင့် လွှတ်တင်နေချိန်တွင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကအလှများ၊ ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် ကိုယ်စားလှယ်အဖွဲ့တို့သည် ကျောက်စာရုံစေတီများအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးအား မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများ၊ ခေတ်မီနည်းပညာများ ပေါင်းစပ်၍ ဗိသုကာလက်ရာမြောက်စွာ တည်ထားကိုးကွယ်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် ရုရှား- မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်မီးပုံးပျံကို လွှတ်တင်ကြပြီး အဆိုပါ မီးပုံးပျံတွင် NOVOSIBIRSK စာသားကို လှပစွာချိတ်ဆွဲထားရှိပြီး ဝေဟင်ထက်သို့ လှပစွာလွှတ်တင်ခဲ့ကြသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ကော်မရှင်အဖွဲ့ဝင်များက ညမီးကြီး(ညမီးကျည်)၊ စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် စည်းကမ်းလိုက်နာမှုအကောင်းဆုံးဆုများနှင့် အဖွဲ့လိုက်စည်းကမ်းအကောင်းဆုံးဆု၊ စက္ကူပသာဒအကောင်းဆုံးဆုများနှင့် အဖွဲ့လိုက်သင်္ကန်းကို ကြည်ညိုဖွယ်ရာဖြစ်အောင် ဖန်တီးမှုအကောင်းဆုံးဆု၊ ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆုများနှင့် အဖွဲ့လိုက်ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆု၊ မီးပုံးပျံအတက် အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် ချိတ်ဆက်ယှဉ်ပြိုင်မှုအကောင်းဆုံးဆု၊ မီးပုံးပျံ အတက်စံချိန် အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက်ချုပ်ရိုးချုပ်သား အကောင်းဆုံး ဆုရရှိသည့်အသင်းများကို ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်က ညမီးကြီး(ညမီးကျည်)၊ စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတို့တွင် မီးပုံးပျံပုံသဏ္ဌာန်အလှပဆုံးဆုများနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက်ရက်လုပ်ထားသော သင်္ကန်းအထည်သားတည်ဆောက်မှုအကောင်းဆုံးဆု ရရှိသည့်အသင်းတို့ကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်က မှိုင်းခံစံချိန်အကောင်းဆုံးဆုများနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက်ရက်ကန်းစင် ကိုင်တွယ်ရက်လုပ်မှုအကောင်းဆုံးဆုရရှိသည့် အသင်းတို့ကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်က ညမီးကြီး၊ စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် တတိယဆုရရှိသည့် အသင်းများကိုလည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက ညမီးကြီး(ညမီးကျည်) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်း၊ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဥပဒေရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်ကိုယ်စားပြု မနောမြေရက်ကန်းစင်အသင်းတို့ကို ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ညမီးကြီး (ညမီးကျည်) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီကိုယ်စားပြုအသင်း၊စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန **စာမျက်နှာ ၂၃ သို့**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်၊ လူ ဘုရားဖူး ပြည်သူများအနက် ဦးရေ သုံးသန်းပြည့်မြောက်သည့် ဘုရားဖူးလာဆရာတော်အား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်၊လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ်စည်ကားလျက်ရှိသည်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်၊ လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့်နေ့မှစ၍ ဘုရားဖူးပြည်သူအများအပြား နေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကြရာ ယနေ့ ၂၀၂၅ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးလာသူပြည်သူများအနက်မှ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် မရွေးရွာ ဘုန်းတော်ကြီးကျောင်းမှ သက်တော် ၃၉ နှစ် သိက္ခာတော် ၁၉ ဝါရှိ ဦးစီးပဓာန



ဆရာတော်ဘဒ္ဒန္တကုဝေရသည် ဦးရေ သုံးသန်းပြည့်မြောက်သည့် ကံထူးသည့် ဆရာတော်တစ်ပါးဖြစ်ကြောင်း သိရသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများ အနက် ဦးရေ သုံးသန်းပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် ဆရာတော်နှင့် ဆွေမျိုးများကို ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြပြီး မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓ ဥယျာဉ်အတွင်းရှိ ကျောက်စာရုံစေတီများ၊ အဂ္ဂါမိပတိသာသနဓဇမာန်တော်၊ ဂန္ဓကုဋိတိုက်များ၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ မာရဝိဇယကျောင်းတော်၊ သုဓမ္မာ ဇရပ်တို့ကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ တည်ထားကိုးကွယ်မှုဆိုင်ရာများနှင့် ဦးရေ သုံးသန်းမြောက်ဘုရားဖူးလာ ဆရာတော်ဖြစ်လာရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ သုံးသန်း မြောက် ဘုရားဖူးလာ ဆရာတော်အား ဉာဏ်တော် ကိုးလက်မအမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူဆင်းတုတော်တစ်ဆူ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ပေါင်သွင်း ဓာတ်ပုံတစ်ပုံ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးနှင့် သာသနိကအဆောက်အအုံ များဆိုင်ရာ သမိုင်းကြောင်းပါဝင်သည့် CD တစ်ချပ်နှင့် ပါဠိ၊ ရိုမန် အက္ခရာနှစ်မျိုး တို့ဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော် ၅၃ ကျမ်းအုပ်ရေ ၄၀ တစ်စုံတို့ကို အမှတ်တရ ဓမ္မလက်ဆောင် အဖြစ် ဂုဏ်ပြုဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ သုံးသန်း ပြည့်မြောက်သူ ဘုရားဖူးလာ ဆရာတော်၏ကြည်နူးပီတိ စကားသံများကိုလည်း ယခုလိုကြားသိရပါတယ်-

"ဦးဇင်းက သာစည်မြို့နယ် မရွေးကျေးရွာ မရွေးကျောင်းတိုက်က လာရောက်ဖူးမြော်ကြည်ညိုတာဖြစ်ပါတယ်။ မမျှော်လင့်ဘူးလေ။ ဦးဇင်းရဲ့ ဒကာ၊ ဒကာမတွေကို ဘုရားဖူးသီးသန့်ပဲ လိုက်ပို့တဲ့အချိန်မှာ အခုလိုမျိုး ဦးဇင်းက ဘုရားဖူးကုသိုလ်ရှင် သုံးသန်းမြောက် ကံထူးခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဦးဇင်းပေးချင်တဲ့ ဓမ္မလက်ဆောင်ကတော့ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား" တဲ့။ မကောင်းမှုတွေကို ရှောင်ရမယ်၊ ကောင်းမှုတွေကို ဆောင်ရမယ်၊ စိတ်ကို ဖြူစင်အောင်ထားရပါမယ်။ နေပြည်တော်ကို အလည်လာရင်းလည်းပဲ ဦးဇင်းက ဒီဘုရားကြီးကို ရောက်ဖြစ်တယ်။ ဘာလို့လာတာလဲဆိုရင် ဘုရားကြီးကို ဖူးလိုက်ရတာနဲ့ အလိုလိုကို စိတ်ချမ်းသာတယ်။ ပီတိတွေဖြစ်တယ်။ ဒါကြောင့်မို့လို့ ဦးဇင်းက နေပြည်တော်လာတိုင်းလာတိုင်းလည်း ဒီဘုရားကြီးကို ဖူးဖြစ်ပါတယ်"ဟု သတင်းရရှိသည်။ (၅၀၁)





ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ ဧည့်သည်တော်များက ပြိုင်ပွဲဝင်အသင်းများမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူတကွ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုကို တွေ့ရစဉ်။

**စာမျက်နှာ ၂၂ မှအဆက်**

ကိုယ်စားပြုအသင်းနှင့် မသိုးရွှေကြာ သင်္ကန်းရက်လုပ် ပူဇော် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု အမရရွှေပြည် ရက်ကန်းစင်အသင်းတို့ကို ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် မီးရှူးမီးပန်းများ ပစ်ဖောက်၍ လတ်တီးတေးသီချင်းဖြင့် သီဆိုကပြ နှုတ်ဆက်ဖျော်ဖြေခဲ့ကြရာ ပြိုင်ပွဲဝင်အသင်းများမှ ရိုးရာယဉ်ကျေးမှု အဖွဲ့များနှင့်အတူ ရုရှားဖက်ဒရေးရှင်း နိုင်ငံ နိုဗိုစီဗစ်ဒေသမှ ဧည့်သည်တော်များက အတူတကွပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများကို ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီးပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှည မီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင် ဖျော်ဖြေပွဲများဖြင့် တင်ဆက်ခဲ့ကြပြီး စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဂန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့၌ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၄**

ကချင်ပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)နှင့် မြစ်ကြီးနားမြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)တို့က ဦးစီးကျင်းပသော ပထမအကြိမ် မသိုးသင်္ကန်းရက်ကန်းခတ်ပြိုင်ပွဲ ပထမနေ့ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်ဇေရန်အောင်တပ်ဦးကျောင်းတိုက် စေတီတော်ရင်ပြင်၌ နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင်ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော် ရှိ ရုပ်ပွားတော်မြတ်အား မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

ကချင်ပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)နာယက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့နံနက်ပိုင်းတွင် မသိုးသင်္ကန်းရက်ကန်းခတ်ပြိုင်ပွဲ ဒုတိယနေ့ကို အောင်ဇေရန်အောင်တပ်ဦးကျောင်းတိုက်၌ ဆက်လက်ပြုလုပ်ရာ တိုင်းမှူးက မသိုးသင်္ကန်းရက်ကန်းခတ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့်သင်္ကန်းအား ဗုဒ္ဓမြတ်စွာဘုရားရှင်ထံ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာထံမှ ကိုးပါးသီလတရားတော်ကို ခံယူဆောက်တည်ကြပြီး ဆရာတော်၊သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်ဆုရအသင်းအသီးသီးတို့ကို ဆုများချီးမြှင့်ပေးအပ်ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှ ပေးဝေခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်တွင် မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းပွဲကိုတောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော် ဘုရားရင်ပြင်တော်တွင် နိုဝင်ဘာ ၃ ရက် ညနေပိုင်းက ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကာ ဓမ္မမိန္ဒာစင်တော်၊ ဂေါတမီစင်တော်၊ သုဇာတာစင်တော်၊ သာမာဝတီစင်တော်၊ ဥပ္ပလဝဏ်စင်တော်တို့တွင် ရက်ကန်းနှင့် သက်မွေးပညာ သင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက မသိုးသင်္ကန်း ရက်လုပ်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့မှ ကိန္နရီကိန္နရာ တိုးနရားအကများဖြင့် ကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်၌ စူဠာမုနိလောကချမ်းသာ ရုပ်ပွားတော်မြတ်အား မသိုးသင်္ကန်း လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မသိုးသင်္ကန်းများကို စူဠာမုနိဘုရားအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး စေတီအတွင်းရှိ ရုပ်ပွားတော်လေးဆူအား မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပေးကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ပေးကြပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးခဲ့ကြကာ နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ပွားများအပ်သော မေတ္တာသုတ်၊ ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးကြပြီး တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်ပဓာနနာယက ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘန္ဒန္တတေဇဝန္တထံမှ ကထိန်အနုမောဒနာတရားတော်မြတ်နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွက်ဆို ဆုတောင်းကြပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# စစ်တွေမြို့နှင့် မုံရွာမြို့တို့၌ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲများ ပြုလုပ်



သံဃာတော်များအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများလောင်းလှူစဉ်။



သံဃာတော်များအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေး ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တန်ဆောင်တိုင်ပွဲတော် သံဃာအပါး ၅၀၀ တို့အား မြို့လုံးကျွတ်ဆွမ်းတော်ကြီးလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံး ချမ်းသာဘုရားကြီးရှေ့ ဝင်္ကပါကွင်း၌ ကျင်းပပြုလုပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက အလှူမဏ္ဍပ်များအလိုက် ဆက်ကပ်လောင်းလှူမည့် လှူဖွယ်ပစ္စည်းများပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကြပြီး အလှူရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် စစ်တွေမြို့၊ ကြွဖြူကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇဝန္တ အမှူးပြုသော သံဃာတော်အပါး ၅၀၀ တို့က အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးရှေ့ ဝင်္ကပါကွင်းတစ်ပတ် ဆွမ်းခံကြွရောက်တော်မူကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက ဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများကိုလည်းကောင်း၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်နှင့် အလှူငွေများကိုလည်းကောင်း ဆက်ကပ်လောင်းလှူခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ရာပြည့်ကပ်ကျော် မင်္ဂလာစေတီတော်ကြီး၌ စတုတ္ထအကြိမ် သံဃာအပါး ၁၀၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆွမ်းဆန်စိမ်း လောင်းလှူနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ ပြည်ထောင်စုရင်ပြင်၌ တန်ဆောင်တိုင်ဖွင့်ပွဲ ကျင်းပပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ ပြည်ထောင်စုရင်ပြင်၌ တန်ဆောင်တိုင်ဖွင့်ပွဲကို နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် ကျင်းပပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တန်ဆောင်တိုင်ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် ညီ့ပရိသတ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ တန်ဆောင်တိုင်ပွဲတော်ဖျော်ဖြေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးတို့ တန်ဆောင်တိုင်ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# တောင်ကြီးမြို့ ၇၅ ကြိမ်မြောက် မြို့လုံးကျွတ်စုပေါင်းမဟာဘုံကထိန်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ၃၄ ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာများ ပြုလုပ်



ဆရာတော်ထံ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၃၄ ကြိမ်မြောက် စုပေါင်းမဟာကထိန်အလှူတော်မင်္ဂလာပြုလုပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ရှမ်းပြည်နယ် တောင်ကြီးမြို့ ၇၅ ကြိမ်မြောက် မြို့လုံးကျွတ် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ အတုမာရဇိန် ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံကြီး၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သြဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကထိန်လျာမြတ်သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် တောင်ကြီးမြို့ မဟာဓမ္မိကာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသထံမှ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယနေ့ ကျင်းပပြုလုပ်သော ရှမ်းပြည်နယ် တောင်ကြီးမြို့ ၇၅ ကြိမ်မြောက် မြို့လုံးကျွတ် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာတွင် ငွေကျပ် ၂၂၆ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် အစု ၃၃၀ ကို သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်လှူဒါန်းခဲ့ကြသည်။

အလားတူ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ၃၄ ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်ရာ ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသော ပရိတ်တရားတော်များကို နာယူကြကာ သံဃာတော်များအား ကထိန်လျာမြတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက လှူဒါန်းသည့် ငွေကျပ် ၅၇၂ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် အစု ၄၀ ကို သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရှေ့တန်းစစ်မျက်နှာများတွင် ရှပ်ရှပ်ချုံချုံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ပန်းကုံးစွပ်ဂုဏ်ပြုကြိုဆိုစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းတို့ အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို အောင်သပြေခက်ကမ်း၍ ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ရှေ့တန်းစစ်မျက်နှာများတွင် ရှပ်ရှပ်ချုံချုံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်၌ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက အောင်သပြေခက်ကမ်း၍ ပန်းကုံးစွပ်ပြီး အိုးစည် ဒိုးပတ်၊ အတီးအမှုတ် အကအခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထို့နောက် အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုတွေ့ဆုံပွဲကို ဘားအံမြို့ နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့က အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ်တို့သည် အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

အလားတူ နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင်လည်း ရှေ့တန်းစစ်မျက်နှာများတွင် ရှပ်ရှပ်ချုံချုံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြပြီး ရှေ့တန်းပြန်တပ်မတော်သားများကို အောင်သပြေခက်ကမ်း၍ ပန်းကုံးစွပ်ပြီး အိုးစည်ဒိုးပတ်၊ အတီးအမှုတ် အကအခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများကို ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

**၂၀၂၅ ခုနှစ် နိုဝင်ဘာ ၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ၃၆ ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် လှူမ်းခြုံကပ်လှူပူဇော်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ၃၆ ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်း လွှမ်းခြုံကပ်လှူပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မဟာမုနိရုပ်ရှင်တော်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ရက်ကန်း ပညာရှင်အဖွဲ့များနှင့် စက်ချုပ် ပညာရှင်အဖွဲ့များ၊ လုပ်အားဒါန ပြုကြသူများ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။



အခမ်းအနား မစတင်မီ နံနက် အရုဏ်ဦးအချိန်တွင် ရေတော်ဆရာတော်နှင့် မဟာမုနိ ဝေယျာဝစ္စအဖွဲ့တို့က မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား အမွှေး နံ့သာရည်များဖြင့် မျက်နှာသစ် တော်ရေသပ္ပာယ်ကာ ရောင်တော် ဖွင့်၍ ဆွမ်းခဲဖွယ်၊ ဘောဇဉ်၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်၍ မဟာမုနိရုပ်ရှင် တော်မြတ်ကြီးအား ကပ်လှူပူဇော် ရန် နေ့ချင်းပြီး ရက်လုပ်ထားသော တဘက်တော်၊ မသိုးမြတ်သင်္ကန်း တော်၊ သင်းပိုင်သင်္ကန်းတော်များ ကို ရေတော်ဆရာတော်အမှူးပြု ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီး များ၊ ဂေါပကအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့၊ ရက်ကန်းပညာရှင်များ အဖွဲ့နှင့် စက်ချုပ်ပညာရှင်များ အဖွဲ့က ကိုင်ဆောင်ကာ မဟာမုနိရုပ်ရှင် တော်မြတ်ကြီးအား ပူဇော်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက မသိုးမြတ် သင်္ကန်းတော်ကို လွှမ်းခြုံကပ်လှူ ပူဇော် လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိ သူများက မသိုးမြတ်သင်္ကန်းရက် လုပ်ခဲ့ကြသည့် ရေကြည်ပေါက် ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသစသည့် ရက်ကန်း ပညာရှင်များအဖွဲ့နှင့် ကိုးလုံး တကာ ရက်ကန်းပညာရှင်နှင့် စက်ချုပ်ပညာရှင်အဖွဲ့၊ မဟာမုနိ ဝေယျာဝစ္စအဖွဲ့တို့ကို ဂုဏ်ပြု ငွေနှင့် မှတ်တမ်းလွှာများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်း ရရှိသည်။

**မျိုးကျော်**

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲများကို နိုဝင်ဘာ ၇ ရက်ထိ ရက်တိုးမြှင့် ဆက်လက်ကျင်းပမည်

**တောင်ကြီး နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်၏ အထင်ကရပွဲတော် တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင် တိုင်ပွဲတော်ကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း ပြည်သူများကို အသိပေးကြေညာထား ခဲ့ပြီး လက်ရှိ မိုးလေဝသအခြေအနေများ အရ ညမီးကြီး၊ စိန်နားပန်မီးပုံးပျံများကို ပြိုင်ပွဲရက်များတွင် သတ်မှတ် မီးပုံးပျံ အရေအတွက်အတိုင်း လွှတ်တင်နိုင်ခဲ့ခြင်း မရှိသဖြင့် ပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်ထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကြီး တန်ဆောင်တိုင်ပွဲတော် ပြိုင်ပွဲဝင် မီးပုံးပျံပညာရှင်များ၏ ဝါသနာ၊ စေတနာ၊ ငွေကြေးနှင့် အချိန်ယူပြီး ကြိုးစားအားထုတ် ပါဝင်ယှဉ်ပြိုင်မှုများကို လေးစား အသိအမှတ်ပြုသောအားဖြင့် လည်းကောင်း၊ မီးပုံးပျံပညာရှင်များ ကြိုးစားအားထုတ် တီထွင်ဖန်တီးထား သည့် ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံ လက်ရာများကို ပရိသတ်ပြည်သူများ ဆက်လက် ကြည့်ရှုအားပေးနိုင်ရန် အတွက်လည်းကောင်း မီးပုံးပျံပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၇ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နိုဝင် ဘာ ၈ ရက် ညနေပိုင်းတွင် ပြိုင်ပွဲဝင်မီးပုံး ပျံများကို ဆုချီးမြှင့်ခြင်း၊ တန်ဆောင်တိုင် ပွဲတော်ဂုဏ်ပြု စိန်နားပန်မီးပုံးပျံ၊ ညမီးကြီး မီးပုံးပျံများ လွှတ်တင်ခြင်း၊ မီးရှူးမီးပန်း အလှများ လွှတ်တင်ခြင်းများဖြင့် တန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲအခမ်းအနား ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွား မည်ဖြစ်ကြောင်း တောင်ကြီးတန်ဆောင် တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီမှ သိရသည်။



အဆိုပါ ရက်တိုးမြှင့်ထားသည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံ ပြိုင်ပွဲနှင့်အတူ နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက် တို့တွင် ခေတ်ပေါ်တေးဂီတ၊ မြူးကြွသည့် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက် သွားမည်ဖြစ်ကြောင်း မီးပုံးပျံပွဲတော် ပရိသတ်များသိရှိနိုင်ရန် အသိပေးကြေညာ ထားကြောင်း သတင်းရရှိသည်။


**ပြည်နယ်(ပြန်/ဆက်)**

# ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်ထိ ကာလ အတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက်လေ့ကျင့်ခန်းများနှင့် လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထား ရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့ကို ထုတ်ပြန်ကြေညာထားရှိပြီးဖြစ် ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်ကို သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်၊ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲအောင်မြင်စွာကျင်းပပြီးစီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြ



**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်ကို ယနေ့နောက်ဆုံးနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ကြိတ်ကြိတ်တိုး တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ နေ့ထူးနေ့မြတ် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကြီး၏ နောက်ဆုံးရက်ဖြစ်သည်နှင့်အညီ ဘုရားကြီးသို့ လာရာလမ်းတစ်လျှောက်တွင် ဘုရားဖူးခရီးသည်တင်ယာဉ်ကြီးများ၊ ကိုယ်ပိုင်ယာဉ်ငယ်များဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိပြီး ဘုရားမုခ်ဦးအပြင် ကားရပ်နားဝင်းနေရာများ၌လည်း နေပြည်တော်ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများ အများအပြား စုဝေးရောက်ရှိလာကြသည့်အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်၊အထွက် လမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးကာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း မီးထွန်းပွဲတော်ကြီး၌ တပျော်တပါး ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်မှာ မြင်တွေ့ရသူတိုင်းအဖို့ ကြည်နူးပီတိဖြစ်ဖွယ်ရာ မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ထို့ပြင်တာဝန်ရှိသူများက တန်ဆောင်တိုင်ပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်ပါဝင် ဆင်နွှဲနိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရလိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ လွယ်ကူစွာ တက်ရောက်ဖူးမြော်နိုင်ရေးအတွက် မော်တော်ယာဉ်ငယ်များဖြင့် စနစ်တကျပို့ဆောင်ပေးကြကာ ပွဲတော်အတွင်း ကုသိုလ်ပြုဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာများ၊ ဈေးပွဲတော်နေရာများနှင့် အခြားသွားရောက်လေ့လာနိုင်မည့် နေရာများကိုလည်း အလွယ်တကူသွားရောက်နိုင်ရေးအတွက် ကူညီလမ်းညွှန်ပြသပေးကြသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းကို တန်ဆောင်မုန်းလ အခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့အာရုဏ်မတက်မီ အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကပ်လှူပူဇော်ခြင်းများကို နှစ်စဉ်အမြို့မြို့အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

ထို့ကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တန်ဆောင်မုန်းလပြည့်နေ့တွင် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် ယမန်နေ့ညနေပိုင်းမှ စတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရက်ကန်းပညာရှင်အဖွဲ့များက ရက်ကန်းစင် ၁၅ စင်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရက်လုပ်ကြပြီး ယနေ့ကျရောက်သည့် လပြည့်နေ့ နံနက်မင်္ဂလာအချိန်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြသည်။

ညပိုင်းတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်လင်သဒ္ဓါစိတ်တို့ဖြင့် ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တရားဓမ္မအသံများဖြင့် ထုံမွှမ်းလျက်ရှိသည့်အပြင် ဘုရားဖူးများ၏ ဆီမီး ၉၀၀၀ ထွန်းညှိ ကပ်လှူပူဇော်ခြင်းနှင့် LED မီးများဖြင့် ခမ်းနားစွာ အလှဆင်ပူဇော်ထားခြင်းတို့၏ အလင်းရောင်သည် ရုပ်ပွားတော်မြတ်ကြီးနှင့် စေတီပုထိုးတို့၏ သပ္ပာယ်မှုတို့ကို ပိုမိုပေါ်လွင်စေခဲ့ပြီး တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုထွန်းလင်းတောက်ပစေခဲ့သည်။



ပွဲတော်ကြီး၏ အဓိက အနှစ်သာရဖြစ်သည့် မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်ပူဇော်မည့် နေရာအသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်စောင့်ဆိုင်း ရောက်ရှိနေကြပြီး မီးပုံးပျံအောင်မြင်စွာ လွှတ်တင်နိုင်ရေးအတွက် တာဝန်ရှိသူများ မီးပုံးပျံအား မီးခိုးမှိုင်းသွင်းခြင်း၊ မီးကျည်၊ ယမ်းများ တပ်ဆင်ခြင်း စသည့်လုပ်ငန်းစဉ် အဆင့်ဆင့်ပြင်ဆင်နေမှုကို ပြည်သူများက အထူးစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့်အချိန်တွင် တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများဖြင့် တွဲဖက်၍ ဘုရားဝင်းအတွင်း သတ်မှတ်နေရာများအလိုက် မီးရှူးမီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံအသေးများ၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့ တစ်လုံးပြီးတစ်လုံး အောင်မြင်စွာ လွှတ်တင်ပူဇော်ကြသည်။

ထိုသို့ မီးပုံးပျံကြီးများ ညအမှောင်ကို ဖြိုခွင်းလျက် အောင်မြင်စွာ လွှတ်တင်ပူဇော်ချိန်တွင် ကောင်းကင်ယံတစ်ခွင်လုံး၌ ရွှေရောင်၊ ငွေရောင်၊ မီးပန်းမိုးများဖြင့် ထိန်ထိန်ညီးလှပသွားခဲ့ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စေတနာတရား၊ စုပေါင်းအားတို့ ပေါင်းစု၍ အမြင့်မြတ်ဆုံးသော အလင်းရောင်ဖြင့် ခမ်းနားစွာပူဇော်ခဲ့ကြကာ ဘုရားဖူးလာပြည်သူများ၏ ကြည်နူးပီတိဖြစ်စွာ ဟစ်ကြွေးကြသော သာဓုခေါ်သံများနှင့် လက်ခုပ်သံများသည်လည်း နေပြည်တော် တန်ဆောင်မုန်းလ၏ ညအလှကို ပိုမို အသက်ဝင်လာစေခဲ့သည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်မှုများအဖြစ် စိန်နားပန် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့ကလည်းကောင်း၊ ညမီးကျည်မီးပုံးပျံလွှတ်တင် ယှဉ်ပြိုင်မှုတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ကလည်းကောင်း၊ တန်ဆောင်တိုင်ပွဲတော်မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲ လပြည့်ညဂုဏ်ပြုမီးပုံးပျံကိုလည်းကောင်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ကောင်းကင်ယံထက် အောင်မြင်စွာ လွှတ်တင်ပူဇော်ခဲ့ကြရာ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း သတ်မှတ်နေရာ အသီးသီး၌ မီးပုံးပျံငယ်များကို ပြိုင်တူလွှတ်တင်ဝန်းရံပူဇော်ခြင်းကြောင့် ကောင်းကင်ယံတွင် စိန်နားပန်နှင့် ညမီးကြီး မီးပုံးပျံကြီးများ၏ အလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး အံ့သြဖွယ်ရာ ကြည့်မဆုံးအောင် လှပနေခဲ့သည်။

ထိုသို့ မီးပုံးပျံလွှတ်တင် ယှဉ်ပြိုင်နေစဉ်အတွင်း သံချပ်တီးလုံးများ၊ ဆီမီးခွက်ကိုင်ဆောင်ပူဇော်ခြင်းများနှင့်အတူ တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသံသာများကြောင့်လည်း တန်ဆောင်တိုင် ညအလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး ဘုရားဖူးလာ ပြည်သူများအတွက် ကြည်နူးပီတိဖြစ်ဖွယ် အပြည့်စုံဆုံး ညတစ်ညဖြစ်ခဲ့သည်။

အလားတူ ပွဲတော်ကြီးကျင်းပနေစဉ်အတွင်း နိုင်ငံကျော်တေးသံရှင် ရဲထိုက်၊ မေ့ချစ်သက်၊ J Fire၊ ဆုထက်လှိုင်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ မြဝတီရုပ်မြင်သံကြားတို့မှ ယိမ်းအဖွဲ့များနှင့် တေးသံရှင်များက တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများ တွဲဖက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ ဘုရားဖူးပြည်သူများကလည်း ရိုးရာယဉ်ကျေးမှုနှင့်အညီ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ်တွင် တစ်ကြိမ်သာကြုံတွေ့ရမည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာခဲ့ကြသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင် ပူဇော်ပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်ထိ သုံးရက်တိုင်တိုင်စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအနေဖြင့်လည်း တစ်ခဲနက်လာရောက်၍ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများစွာ ဖူးမြော်ရသည့်အပြင် တန်ဆောင်တိုင်ည၏ သာယာကြည်နူးဖွယ်ရာ အလှတရားများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုရသများနှင့် ဖျော်ဖြေရေးအစီအစဉ်များကိုပါ တစ်နေရာတည်းတွင် အပြည့်အဝ ခံစားဆင်နွှဲနိုင်ခဲ့သည့်အတွက် ကုသိုလ်တရားများဖြင့် ပြည့်နှက်နေသည့် စိတ်ကြည်နူးချမ်းမြေ့ဖွယ်ရာ ပွဲတော်ကြီးတစ်ခုအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးဆက်သစ်**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် အမျိုးသား သုံးဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်




ကာရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်တစ်ဦးက လက်နက်အပ်နှံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အဖွဲ့ဝင် အမျိုးသား သုံးဦးတို့သည် နိုဝင်ဘာ ၃ ရက်တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အချင်းချင်းဗိုလ်ကျနှိပ်စက်၍ ဖိနှိပ်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရပြီး အသေခံရမည့်နေရာများတွင်သာ လုပ်ဆောင်စေခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ လမ်းတံတားများ၊ နေအိမ်အဆောက်အအုံများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ငြိမ်းချမ်းစွာနေထိုင်လိုခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင် သုံးဦးတို့ကို တာဝန်ရှိသူများကကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် M-16 သေနတ် နှစ်လက်၊ M-4 သေနတ် တစ်လက်၊ လက်လုပ်မိုင်း နှစ်လုံးနှင့် ခဲယမ်းများကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် PDF အဖွဲ့ဝင် သုံးဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံ ရှစ်နိုင်ငံမှ ပြည်ပနိုင်ငံသား ၃၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၄**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကို၊ မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင်ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ထိုင်းနိုင်ငံသားတစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားမှ လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ နီပေါနိုင်ငံသား ၁၄ ဦး၊ တောင်အာဖရိကနိုင်ငံသား လေးဦး၊ ကင်မရွန်းနိုင်ငံသား တစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦး၊ သီရိလင်္ကာနိုင်ငံသား တစ်ဦးနှင့် အီသီယိုးပီးယားနိုင်ငံသား တစ်ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့်လည်းကောင်း စုစုပေါင်း ပြည်ပနိုင်ငံသား ၃၈ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ Tak Immigartion မှ Pol Capt. Ms. Khwanchutha Kaewphikul နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ Second Secretary Ms. Srijana Koirala နှင့် တာဝန်ရှိသူများ၊ တောင်အာဖရိကနိုင်ငံသံရုံး၊ ကင်မရွန်းနိုင်ငံသံရုံး၊ ဇင်ဘာဘွေနိုင်ငံသံရုံး၊ သီရိလင်္ကာနိုင်ငံသံရုံးနှင့် အီသီယိုးပီးယားနိုင်ငံ သံရုံးတို့မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Mr.Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၇၄၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၄၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၄၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံ ရှစ်နိုင်ငံမှ ပြည်ပနိုင်ငံသား ၃၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်မှု မှတ်တမ်းဓာတ်ပုံ။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

ဗုဒ္ဓံ ဓမ္မံ သံဃံ


35 CORNER မျက်မှန်ဆိုင်

ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။

'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'

ဆိုင် (၁) ၃၅ လမ်း × ၈၄ လမ်းထောင့်။ Ph:09-880909030, 09-91001454 ဆိုင် (၂) ၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား။ Ph:09-780678007

ဆိုင် (၃) ၆၂ လမ်း × ၁၀၉ လမ်းထောင့်။ Ph:09-880909040




# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၁၂၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကန့်ဘလူ နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၃၁၂၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် မတ်ပဲ ၃၈၄၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၂၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မတ်ပဲ ၃၈၄၃၇ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၁၂၂၂ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေး လျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မတ်ပဲကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကြင်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကြင်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးကြင်းပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးကြင်းပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးကြင်းဈေးကလဲ အခြေအနေမဆိုးပါဘူး။ ရန်ကုန်ဈေးကွက်က ဒီဘက်ဒေသထွက် ငါးကြင်းတွေ အဝယ်လိုက်နေတာကြောင့် ငါးကြင်းတင်ပို့ရောင်းချ အားတက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့လ ပထမအပတ်လောက်တည်းက ငါးကြင်းတွေ ပိုမိုတင်ပို့ခဲ့ရတယ်။ ရန်ကုန်ဈေးကွက်ကနေ ငါးကြင်းတွေ ဝယ်ယူအားတက်လာပေမဲ့ ဈေးကတော့ သိပ်မတက်ပါဘူး"ဟု ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကို ဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကြင်း တစ်ပိဿာလျှင်ငွေကျပ် ၁၅၅၀၀ မှ ၁၈၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘာဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**







"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာန အသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ ပြန်လည်တည်ဆောက်ခြင်းဟူသည်မှာ ပြန်လည်နာလန်ထူအောင် လုပ်ဆောင်ခြင်း သာမကဘဲ အနာဂတ်တွင် လုံခြုံအာမခံမှုရှိသည့် နိုင်ငံတစ်နိုင်ငံကို ဖန်တီးတည်ဆောက်ခြင်းလည်းဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၃၀ ရက်တွင်ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar:Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E. Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E. Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E. Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် လာရောက် ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးချစ်ဆွေ၊ ဒေါက်တာချောချောစိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အတူ

**စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

## ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ်ရတနာပုံသတင်းစာ စာမျက်နှာ ၈ တွင် ဖော်ပြပါရှိပါသည်။ **ရတနာပုံ**

## အားကောင်းသောလေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၄**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသများတွင်ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ အထက်ပင့်တက်လေအားကောင်းရာမှ ဒေါင်လိုက်တိမ်ဖြစ်ထွန်းမှုအားကောင်းသည့်အတွက် မိုးတိမ်တောင်များဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း

**စာမျက်နှာ ၁၇ ကော်လံ ၁ ❖**